ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလကွယ်နေ့၊ စနေနေ့၊ (26-7-2014) (၇၉၁၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာယာမင် အဗ္ဗဒူလ် ဂေယွန်း ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီတို့ တွေ့ဆုံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၅

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့တွင် နေပြည်တော်၌ ပြည်ထောင်စုဝန်ကြီးများအား သီးခြားစီ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စရန်ဟီလီသည် နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း**(ယာပုံ)**နှင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်လည်းကောင်း သွားရောက်တွေ့ဆုံခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်နှင့်လည်းကောင်း သွားရောက်တွေ့ဆုံခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

သီလဝါ အထူးစီးပွားရေးဇုန် ကျန်ရှိဟတ်တာ ၂၀၀၀ အတွက် EIA အစီရင်ခံစာ အောက်တိုဘာလတွင် ထုတ်ပြန်နိုင်မည်

သတင်း-ရဲခေါင်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် ဇူလိုင် ၂၅

သီလဝါအထူးစီးပွားရေးဇုန် ဟတ်တာ ၂၄၀၀ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျန်ရှိနေသော ဟတ်တာ ၂၀၀၀ အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA-Environmental Impact Assessment) အစီရင်ခံစာအား လာမည့် အောက်တိုဘာလတွင် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု EIA ဆန်းစစ်ခြင်း ပြုလုပ်ရန် တင်ဒါအောင်မြင်ထားသည့် E Guard Environmental Services မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟက ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ပါဝင်သော ဟတ်တာ ၂၀၀၀ အတွက် EIA စစ်ဆေးခြင်းအား ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။ လေအရည်အသွေး၊ ရေအရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ မြေထုညစ်ညမ်းမှု၊ ဆူညံသံနှင့် တုန်ခါမှု၊ မြေကျွံကျမှု၊ ဆိုးရွားသော အနံ့အသက်များ၊ နုန်းတင်ခြင်း၊

စာမျက်နှာ ၈ ကော်လံ ၅ သို့

တည်ထောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတစ်နေရာ။

ထိန်ပင်ကျေးရွာရှိလယ်ဧက ၁၃၀၀ ကျော် ရေနစ်မြုပ်ပြီး ပျိုးပင်များပျက်စီး

သထုံ ဇူလိုင် ၂၅

သထုံမြို့နယ် ထိန်ပင်ကျေးရွာ ထိန်ပင်အနောက်ကွင်းနှင့် ထိန်ပင် ညောင်ပင်ကွင်းတို့ရှိ တောင်သူ ၆၂ ဦးခန့် ပိုင်ဆိုင်သော လယ်ယာမြေ ၁၃၈၈ ဧကတို့မှာ မိုးရွာသွန်းမှုများပြီး အဓိကရေဆွဲချောင်းကောလာသောကြောင့် ပျိုးပင်များ ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

ပင်လယ်ကမ်းစပ်တွင် သောင်ထွန်းမှုများလာပြီး အဓိကရေဆွဲချောင်းဖြစ်သည့် ချောင်းမြီးတိုချောင်းမှာ ရေမစီးနိုင်ဘဲ ချောင်းကောလာကာ မိုးများသောအခါ ချောင်းဖျားမှ ရေများလာသဖြင့် ယခုကဲ့သို့ လယ်ကွင်းများ ရေနစ်မြုပ်ရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေနစ်မြုပ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတို့က ဇူလိုင် ၂၄ ရက်တွင် လိုက်လံကြည့်ရှုကာ ရေစီးလမ်းပိတ်ဆို့နေမှုများကို အမြန်ဆုံးရှင်းလင်းပြီး ချောင်းကောအား ပြန်လည်တူးဖော်နိုင်မည့် နည်းလမ်းများ၊ မိမိတို့အနေဖြင့် ပြန်လည်တူးဖော်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှုနှင့် ဒေသခံများအနေဖြင့် ပူးပေါင်းပါဝင်ရန်လိုအပ်မှုကို ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ကြေးမုံစာတည်းရှုထောင့် ၂၆-၇-၂၀၁၄၊ စနေနေ့

သွေးလွန်တုပ်ကွေး ကာကွယ်ရေး

ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်း ၂၅၀၀ ခန့်သည် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သော နေရာများတွင် နေထိုင်ကြသည်ဟုဆိုသည်။ ယင်းတို့အနက် ထက်ဝက်ကျော်မှာ အရှေ့တောင်အာရှနိုင်ငံများတွင် နေထိုင်လျက်ရှိနေကြသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားလေ့ရှိပြီး အာရှပစိဖိတ်ဒေသအတွင်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေကြောင်း သိရသည်။

အရှေ့တောင်အာရှဒေသတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း အလေးထားပြီး ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် နှစ်စဉ် ဇွန်လ ၁၅ ရက်နေ့ကို အာဆီယံသွေးလွန်တုပ်ကွေးနေ့အဖြစ် သတ်မှတ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့၏ ဆောင်ပုဒ်မှာ "အာဆီယံနိုင်ငံများ ပေါင်းစည်းလို့ သွေးလွန်တုပ်ကွေး တိုက်ဖျက်စို့" ဟူ၍ ဖြစ်ကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းတိုက်ဖျက်ရေးတွင် မဟာဗျူဟာများချမှတ်ဆောင်ရွက်နိုင်ခဲ့သော်လည်း နည်းပညာ၊ အထောက်အပံ့ပစ္စည်း၊ သုတေသန လိုအပ်ချက်များရှိနေသေးကြောင်းသိရသည်။

ယခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူဦးရေကိုကြည့်လျှင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၆၀၀ ကျော်ရှိပြီး သေဆုံးသူငါးဦးရှိခဲ့သည်။ ရောဂါဖြစ်ပွားသူများအနက် အသက်ငါးနှစ်မှ ကိုးနှစ်အရွယ် မူလတန်းကျောင်းသားအရွယ်လေးများ အများဆုံးဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၎င်းရောဂါ အဖြစ်အများဆုံး မြို့နယ်များမှာ ဒဂုံမြို့သစ်တောင်ပိုင်း၊ လှိုင်သာယာ၊ သာကေတ၊ ဒဂုံဆိပ်ကမ်း၊ ဆိပ်ကြီးခနောင်တို၊ တာမွေ၊ ဒလ၊ မင်္ဂလာတောင်ညွန့်၊အင်းစိန်၊လှိုင်မြို့နယ်တို့ ဖြစ်ကြသည်။ ဆင်ခြေဖုံးမြို့နယ်များတွင် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးခြင်း၊ ရေသိုလှောင်မှုများခြင်း၊ လူဦးရေထူထပ်ခြင်းများကြောင့်ဖြစ်သည်ဟု တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနက ထောက်ပြသည်။

မိမိတို့နိုင်ငံတွင် မြို့ပြနှင့်ကျေးလက်လူဦးရေသည် ၃း၇ ရှိနေသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင်ကား မြို့ပြ၊ ကျေးလက် ၇း၃ ပြောင်းပြန်ဖြစ်နေသည်။ မြို့ပြလူဦးရေများပြီး ကျေးလက်မှာလူဦးရေနည်းပါးသည်။ ဆိုလိုသည်မှာ မဟာရန်ကုန်နေပြည်သူများ ကျန်းမာရေးအသိရှိသည့် ဆေးရုံဆေးခန်းပြည့်ပြည့်စုံစုံနှင့်ဆေးဝါးကုသမှုကို ရရှိနေကြသည်။ ၎င်းကဲ့သို့ နေရာမျိုးမှာမှာ သွေးလွန်တုပ်ကွေး ဒုက္ခပေးနေလျှင် ကျန်းမာရေးအသိပညာနည်းသော ဆေးရုံဆေးခန်းနှင့်အလှမ်းဝေးသော ပြည်သူ ၇၀ ရာခိုင်နှုန်းနေထိုင်လျက်ရှိရာ ကျေးလက်ဒေသများတွင်ကား ပို၍အဖြစ်များပေလိမ့်မည်။

၎င်းကဲ့သို့ ဒုက္ခပေးနေသော သွေးလွန်တုပ်ကွေး၏ အဓိက လက်သည်မှာ ရေကြည်ရေသန့်တွင်ပေါက်ပွားတတ်သည့် ခြင်ကျားခေါ် ခြင်ပုန်းဖြစ်သည်။ နေ့အချိန်မှာကိုက်တတ်သောခြင်တစ်မျိုးဖြစ်သည်။ ထိုခြင်ကျားဖြစ်လာမည့် ပိုးလောက်လမ်းနှိမ်နင်းရေးကို ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်တကျလုပ်နေကြသော်လည်း ဖြစ်ပွားနေဆဲဖြစ်သည်။ ထို့ကြောင့် နည်းလမ်းရှာဖွေရာ ပိုးလောက်လမ်းများကို မျိုးသုဉ်းစားပစ်နိုင်စွမ်းသည့် အလှမွေးငါးများကို တာဝန်ထမ်းဆောင်စေခြင်း နည်းလမ်းရလာသည်။

တချို့တွင်ဒေါင်းငါး၊ ရွှေနှင်းဆီငါး၊ ပုလဲငါးမျိုးနှင့် တိုက်ဂါးငါးတို့ကို အလှမွေးရုံသက်သက်မဟုတ်။ ကျန်းမာရေးအတွက်ပါ မွေးမြူနေကြသည်။ ၎င်းငါးများကိုမြစ်၊ ချောင်း၊ အင်းအိုင်များအပြင် သောက်ရေလှောင်ကန်များတွင်လည်း ထည့်ပေးမွေးမြူကြသည်။ ရေကြည်ထဲမှာရှိသမျှ ပိုးလောက်လမ်းများကို အပြောင်ရှင်းလင်းပေးသွားသည်။ ၎င်းသို့ဖြင့် ခြင်ပေါက်ပွားမှုကို ထိန်းလာနိုင်ပြီး သွေးလွန်တုပ်ကွေးနှင့် အခြားဆက်စပ်ရောဂါများမှ ကာကွယ်ပေးလာနိုင်သည်။ သွေးလွန်တုပ်ကွေးအပါအဝင် ခြင်ကြောင့်ဖြစ်တတ်သော ရောဂါများကို အလှမွေးငါးလေးများနှင့် ကာကွယ်သွားခြင်း၊ တစ်နည်း သဘာဝမှဖြစ်လာသော ရောဂါများကို သဘာဝတရားနှင့် တားဆီးကာကွယ်ပေးသွားခြင်းဖြစ်သည်။

သွေးလွန်တုပ်ကွေးသည် အသက် ငါးနှစ်မှ ကိုးနှစ်ကြားကလေးများကို အများဆုံးဒုက္ခပေးတတ်သည်။ နံနက် ၉ နာရီမှ ညနေ ၃ နာရီကြား ကိုက်တတ်ရာ ကလေးများကျောင်းချိန်အတွင်းဖြစ်နေသည်။ ထို့ကြောင့် ကျောင်းတိုင်းရှိ မိုးရေလှောင်ကန်များ၊ ရေအိုင် ရေမြောင်း ရေဝပ်ရာ နေရာဟူသမျှ အလှမွေးငါးများကို လွှတ်ပေးထားလျက် ကလေးများအား သွေးလွန်တုပ်ကွေးမှ ကာကွယ်ပေးသွားကြရမည်။ သွေးလွန်တုပ်ကွေးတားဆီးရေးတွင် "ဖုံး၊ သွန်၊ လဲ၊ စစ်၊ မွေး" ၎င်းငါးချက်ဖြင့်မပြတ်ဆောင်ရွက်ကြရပါရမည်။ အထူးသဖြင့် သွေးလွန်တုပ်ကွေးအများဆုံးဖြစ်တတ်သည့်ရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် အထူးသတိပြုကြရမည်။ တစ်ဖက်မှာလည်း ငါးလွှတ်ခြင်း မြန်မာ့ဓလေ့ ကုသိုလ်ရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပေလိမ့်မည်။ ။

နွားထိုးကြီးမြို့နယ် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မာန်လည် အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် (၁၁) နှစ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကျောင်းအဆင့်တိုးမြှင့်သည့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဇနီးနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းနှစ်ကျောင်းမှ ဆရာ ဆရာမ ၂၃ ဦး၊ ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စိန်ပန်းကျင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် အခြေခံပညာကျောင်းသုံးကျောင်းမှ ဆရာ ဆရာမ ၁၈ ဦး၊ ကျောင်းသားကျောင်းသူ ၅၄ ဦး၊ တံစိုး အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် အခြေခံပညာကျောင်းသုံးကျောင်းမှ ဆရာ ဆရာမ ၁၅ ဦးနှင့် ကျောင်းသား ကျောင်းသူ ၅၄ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အလားတူ ဇူလိုင် ၂၂ ရက်တွင် ဖောင်ချဉ်း(တောင်) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဆူးဖြူကုန်းအခြေခံပညာအထက်တန်းကျောင်းနှင့် ကံကြီးအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ဇူလိုင် ၂၃ ရက်တွင် မျက်ရှု အခြေခံပညာအလယ်တန်းကျောင်း၊ ဇီအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ကျွန်းဒေါင့်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲများ ကျင်းပခဲ့ပြီး ကျောင်းပေါင်း ၂၈ ကျောင်းမှ ဆရာ ဆရာမ ၁၉၆ ဦး၊ ကျောင်းသား ကျောင်းသူ ၅၁၃ ဦးတို့အား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဈေးကွက်ယှဉ်ပြိုင်ရန် သင်တန်းဖွင့်မည်

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနက် စက်မှုအခြေခံဖြစ်သော သံရည်သွန်းလောင်းခြင်း (Foundry)၊ ပုံသွင်းခြင်း (Forging) လုပ်ငန်းများ အဆင့်အတန်းမြင့်မားလာစေရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရန်နှင့် ပြည်တွင်းပြည်ပ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ "Foundry and Forging နည်းပညာပေးအပ်ခြင်း" သင်တန်းကို ဩဂုတ် ၁၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ အမှတ် (၁) တောင်ဒဂုံ စက်မှုဇုန် ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းတွင် Foundry and Forging နည်းပညာနှင့် ပတ်သက်သော အသိပညာဗဟုသုတများကို ပြည်တွင်းပညာရှင်များက သင်ကြားပေးမည်ဖြစ်၍ တက်ရောက်လိုသော သင်တန်းသားများအနေဖြင့် ဩဂုတ် ၆ ရက် နောက်ဆုံးထား၍ ဦးနေလွင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း ၀၁-၈၆၀၃၈၂၇၊ e-mail smecentre35b @ gmail.com၊ ဒေါ်ဆွေဇင်စိုး လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း ၀၁-၅၄၅၉၃၂၊ ၀၁-၈၆၀၃၈၂၆၊ ဖက်စ် ၀၁-၅၄၆၀၅၁ e-mail-smeyangon @gmial.com အမှတ် (၃၅ဘီ/၁၅) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(ကြေးမုံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်	ရွှေဈေး	၆၇၂၃၀၀	-	၆၇၃၃၀၀
မန္တလေး	ရွှေဈေး	၆၇၂၃၀၀	-	၆၇၃၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၀၉. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၉၁
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၅၁၈
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၇၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၈၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၅. ၃၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၂၇၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၅. ၆၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၃. ၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ အစမ္မ စေခိုင်းမှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ ပပျောက်ရေး၊ ဒုက္ခသည်စခန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြည်တွင်း ပြည်ပ အလုပ်ရှင်နှင့်အလုပ်သမား အခွင့်အရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာ၏အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍မရှိပေ။

(သေက္ခုတောင်ဆရာတော် ဦးတိလောက)

မော်လ်ဒိုက်ဗ်နိုင်ငံလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဒွန်ယာမော်မွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် ဆက်သွယ်ရေးအဆောက်အအုံဝင်း ဧရိယာနှင့် မျက်နှာစာတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း **(အောက်ဝဲပုံ)**ကကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းတင်တို့က ကံ့ကော်ပင်များ စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် အရိပ်ရလေကာပင်များနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများစုပေါင်း သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး အပါအဝင် မဟော်ဂနီ၊ မဲဇလီ၊ ကံ့ကော်၊ မန်ကျည်း၊ ကုက္ကို၊ ခရေ၊ တမာ၊ စိန်ပန်းပင်များနှင့် အရိပ်ရလေကာပင်များအား ဝန်ထမ်းအိမ်ရာများအပါအဝင် အပင် ၈၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါရုံးရှေ့ ဥယျာဉ်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့် အဖွဲ့ဝင်များတက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ထမ်းများက ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ တမာပင် စုစုပေါင်းအပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြတွင် သိမ်းဆည်းလယ်မြေများ ပြန်လည်ပေးအပ်

မြောင်းမြ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်မှုဖြင့် မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှ သိမ်းဆည်းလယ်မြေများကို လုပ်ကိုင်ခွင့်ရတောင်သူများထံ ဇူလိုင် ၂၅ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်သိန်းက သိမ်းဆည်းလယ်မြေ ၅၆ ဒသမ ၀၀ ဧကအား မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က ကံချောင်ကျေးရွာအုပ်စုမှ မူလလယ်မြေပိုင်ရှင် ဦးကြည်ထွေးအပါအဝင် တောင်သူခြောက်ဦးအား ယာယီလုပ်ကိုင်ခွင့်လက်မှတ်များ တစ်ဦးချင်းစီ ပေးအပ်ကြောင်း သိရသည်။

“ယခုလို ကူညီဆောင်ရွက်ပေးခဲ့တဲ့ လူကြီးမင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်မက လယ် ၁၂ ဧကလုံး ပြန်လည်ရရှိတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ အခု ဥက္ကဋ္ဌကြီးက လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်များကို တစ်ပါတည်း ထုတ်ပေးလိုက်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။သားသမီးတွေနဲ့အတူ ဒီလယ်မြေကို ကြိုးစားစိုက်ပျိုးလုပ်ကိုင်သွားမှာပါ”ဟု လယ်မြေပြန်လည်ရရှိသော ကံချောင်ကျေးရွာမှ အသက်(၆၀)နှစ်ရှိ အမေအိုဒေါ်မြင့်မြင့်စန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

နိုင်ငံတော်မှ သိမ်းဆည်းလယ်ယာမြေများ ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ မြောင်းမြမြို့တွင် မြောင်းမြစက်မှုဇုန် အကောင်အထည်ဖော်ရေးကော်မတီမှ သိမ်းဆည်းလယ်မြေများကို ပထမ၊ ဒုတိယ၊ တတိယအကြိမ်များဖြင့် လျော်ကြေးငွေများအသီးသီး ပြန်လည်ပေးအပ်ပြီးနောက်ပိုင်း ယခု မြောင်းမြရဲစခန်းမှ သိမ်းဆည်းလယ်မြေများကိုလည်း ပြန်လည်ပေးအပ်လိုက်ပြီဖြစ်၍ လယ်ယာမြေလုပ်ကိုင်ခွင့်ရတောင်သူများ ကြည်နူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

အောင်မင်း(IPRD)

ရုရှားက ယူကရိန်းတပ်စခန်းများကို အမြောက်ဖြင့် ပစ်ခတ်ခဲ့ဟု အမေရိကန်ပြော

ဝါရှင်တန် ဇူလိုင် ၂၅

ရုရှားလိုလားသော ခွဲထွက်ရေးသမားများနှင့် စစ်ရေးပဋိပက္ခဖြစ်ပွားနေသော ယူကရိန်းတပ်ဖွဲ့၏ တပ်စခန်းများကို ရုရှားနိုင်ငံက အမြောက်လက်နက်ကြီးများ အသုံးပြု၍ နယ်စပ်ဖြတ်ကျော် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံက ဇူလိုင် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

ရုရှားနိုင်ငံသည် ခွဲထွက်ရေးတပ်ဖွဲ့များအတွက် ပိုမို၍ ကြီးမားပြီး စွမ်းပကားထက်မြက်သော ဒုံးပစ်လောင်ချာများကို လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ရှိသည့်အထောက်အထား တစ်ရပ်ကိုလည်း မိမိတို့ ရရှိထားကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီဟာ့ဖ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဌာနသည် ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ပျက်ကျခဲ့သောမလေးရှားလေကြောင်း ခရီးသည်တင် လေယာဉ်ကိစ္စနှင့် ပတ်သက်၍ ထောက်လှမ်းရေးဆိုင်ရာ သတင်း အချက်အလက်အချို့ကို မကြာမီက ထုတ်ပြန်ခဲ့သည်။

မလေးရှား လေကြောင်းဌာနမှ ခရီးသည်တင် ဂျက်လေယာဉ် ပျက်ကျခဲ့ရခြင်းသည် ရုရှားလိုလားသော ခွဲထွက်ရေးသမားများ၏ လက်ချက်ဖြစ်နိုင်ဖွယ်ရှိကြောင်း အမေရိကန် ထောက်လှမ်းရေး အရာရှိများက ဇူလိုင် ၂၃ ရက်တွင် ပြောကြားခဲ့ကြသည်။ ခွဲထွက်ရေးသမားများသည် ရုရှားလုပ် ဒုံးကျည်တစ်စင်းဖြင့် ခရီးသည်တင်လေယာဉ်ကို ပစ်ချခဲ့သည်ဟု ယူဆရကြောင်း အမည်မဖော်သူ အမေရိကန် ထောက်လှမ်းရေး အရာရှိများက ပြောကြားကြသည်။

စစ်ဆင်ရေးဆင်နွှဲနေသော ယူကရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ခွဲထွက်ရေးသမားများသည် အရပ်ဘက်ခရီးသည်တင် လေယာဉ်ကို ရန်သူလေယာဉ်အဖြစ် အမှတ်လွဲမှားကာ ပစ်ချခဲ့ပုံရသည်ဆို၏။

မလေးရှားလေကြောင်းမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၁၇ ပျံသန်းလာသော လေယာဉ်ပျက်ကျရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

ဆိုရှယ်မီဒီယာအထောက်အထားများအရလည်းကောင်း၊ ခွဲထွက်ရေး ဝါဒီတိုက်ခိုက်ရေးသမားများ အချီအချစကားပြောဆိုမှုများအား ကြားဖြတ်နားထောင်မှုအရ လည်းကောင်း၊ လေယာဉ်ပစ်ချမှု၏လက်သည်အဖြစ်နိုင်ဆုံးမှာ ခွဲထွက်ရေးဝါဒီများသာလျှင်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

လူပေါင်း ၂၉၈ ဦးသေဆုံးခဲ့ရသော လေယာဉ်ပစ်ချခံရမှုဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့တွင် အငြင်းပွားဖွယ်ရာ ပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။

လေယာဉ်ပစ်ချရာ၌ အသုံးပြုသော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို အသုံးပြုတတ်စေရန် ရုရှားနိုင်ငံက ခွဲထွက်ရေးသမားများကို သင်တန်းပေးခဲ့ကြောင်း အမည်မဖော်လိုသူ အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ရိုက်တာ။**

တောင်အာဖရိကတွင် နိုင်ငံခြားသားများ မြေဝယ်ယူခွင့်မပြုရန် စီစဉ်လျက်ရှိ

ကိပ်တောင်း ဇူလိုင် ၂၅

တောင်အာဖရိက နိုင်ငံတွင် နိုင်ငံခြားသားများ မြေဝယ်ယူခြင်းမှ တားမြစ်သည့် ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် အလျင်အမြန် စီစဉ်လျက်ရှိကြောင်း အစိုးရက ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။ မြေယာပိုင်ဆိုင်မှု ဥပဒေကြမ်းပါ စည်းကမ်းချက်များအရ နိုင်ငံခြားသားများသည် နှစ် ၃၀ အထိ မြေငှားရမ်းခွင့်သာလျှင် ရရှိမည်ဖြစ်သည်။

သို့သော်လည်း နိုင်ငံခြားသားများ လက်ရှိပိုင်ဆိုင်ထားသောမြေများကို သိမ်းယူရန်မူ ခွင့်ပြုထားခြင်း မရှိပေ။

အဆိုပါ ဥပဒေကြမ်းသည် ငါးနှစ်အတွင်း ဥပဒေအဖြစ် အသက်ဝင်လာမည်ဟု အစိုးရကမျှော်လင့်ထားသည်။ **ဘီဘီစီ။**

အဲ-အယ်လ်ဂျီးရီးယား လေယာဉ်ပျက်ကို စောင့်ရှောက်ရန် ပြင်သစ်တပ်ဖွဲ့ စေလွှတ်

ပါရီ ဇူလိုင် ၂၅

အဲ-အယ်လ်ဂျီးရီးယားဂျက်လေယာဉ်ပျက်ကျခဲ့သောနေရာသို့ ပြင်သစ်တာဝန်ရှိသူများက တပ်ဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့ကြောင်း သောကြာနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။ လူဦးရေ ၁၁၆ ဦးတင်ဆောင်ခဲ့သော အဆိုပါလေယာဉ်သည် ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းတွင် ပျံတက်ပြီးမကြာမီ ရေဒါမှ ပျောက်ကွယ်ကာ မာလီနိုင်ငံအတွင်း၌ ပျက်ကျသွားခြင်းဖြစ်သည်။

အသက်မရှင်

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒေးက လေယာဉ်သည် ဘာကီနာဖာဆိုနိုင်ငံ၏ မြို့တော်မှ အယ်လ်ဂျီးရီးယားနိုင်ငံသို့ ကြာသပတေးနေ့ စောစောပိုင်း တွင် ကွင်းမှပျံတက်ပြီး တစ်နာရီမကြာမီ ရေဒါမှပျောက်သွားကာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ အသက်ရှင်ကျန်ရစ်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း သောကြာနေ့တွင် ကြေညာခဲ့သည်။

ရှာတွေ့

ယင်းလေယာဉ် ပျက်ကျခြင်းနှင့်ဆိုင်သော အစည်းအဝေးအပြီးတွင် ဘာကီနာဖာဆိုနိုင်ငံ နယ်စပ်အနီး ဂေါ့စီဒေသအတွင်း လေယာဉ် အပျက်အစီးများအကြားမှ လေယာဉ်၏ သေတ္တာနက်နှစ်လုံးအနက် တစ်လုံးကို ရှာဖွေတွေ့ရှိ ထားပြီဖြစ်ကြောင်းလည်း ဟော်လန်ဒေးကကြေညာခဲ့သည်။ ယင်းသေတ္တာနက်ကို မာလီနိုင်ငံ မြို့တော်ဂါအိုသို့ သယ်ဆောင်လာလျက်ရှိသည်။

ယင်းသို့ပျက်ကျခြင်းတွင် အကြမ်းဖက်များပါဝင်ခြင်းမရှိကြောင်း၊ ရာသီဥတုဆိုးရွားသောကြောင့်ဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ရုပ်အလောင်းများနှင့်မီးလောင်ထားသည့်အပျက်အစီးများကို မာလီကျေးရွာ ဆူလီကီစီအနီး ဘာကီနာဖာဆိုနိုင်ငံ နယ်စပ်မှ မိုင် ၃၀ ခန့်အကွာတွင် တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဘာကီနာဖာဆို၌ ပြောကြားခဲ့သည်။ **ရိုက်တာ။**

မာလီနိုင်ငံမြောက်ပိုင်း၌ လုံခြုံရေး ဆောင်ရွက်နေသော ပြင်သစ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဂါဇာရှိ စာသင်ကျောင်းတစ်ကျောင်းကို အစ္စရေး သံချပ်ကာကားများက ပစ်ခတ်တိုက်ခိုက်

ဂါဇာ ဇူလိုင် ၂၅

အစ္စရေး ကြည်းတပ်မှ သံချပ်ကာကားများက ဂါဇာကမ်းမြောင်ဒေသရှိ ဘိတ်ဟာနူးမြို့တွင် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂက ဖွင့်လှစ်ထားသော စာသင်ကျောင်း တစ်ကျောင်း ပျက်စီးခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် ၁၆ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

စာသင်ကျောင်း တိုက်ခိုက်ခံရမှုကြောင့် ယင်းကျောင်း၌ ခိုလှုံနေရသူ အရပ်သား အများအပြား ထိခိုက်သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူ ဦးရေ တိုးပွားလာဖွယ်ရှိကြောင်း ဂါဇာရှိ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အယ်လ်ကေဒရာက ပြောကြားသည်။

ဘိတ်ဟာနူးမြောက်ဘက်၌ စခန်းချထားသော အစ္စရေးသံချပ်ကာ ကားများသည် အဆိုပါ စာသင်ကျောင်းကို အမြောက်ဖြင့် လေးချက် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အေဂျင်စီ (အန်ရွာ)ကဖွင့်လှစ်ထားသော စာသင်ကျောင်းအတွင်း ကလေးများနှင့် အရပ်သူ အရပ်သားများ ရှိနေချိန်တွင် ပစ်ခတ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အဆိုပါ စာသင်ကျောင်း၌ ခိုလှုံနေကြသည့် အရပ်သူ အရပ်သားဦးရေ ၁၂၀၀ ရှိကြောင်း၊ ၎င်းတို့၏ နေအိမ်များပေါ်သို့ အမြောက်ကျည်များ ကျရောက်ပေါက်ကွဲခြင်းကြောင့် ယင်းစာသင်ကျောင်းသို့ ပြောင်းရွှေ့ကာ ခိုလှုံနေကြခြင်းဖြစ်ကြောင်း ဘိတ်ဟာနူးမြို့၏ မြို့တော်ဝန် ကာဖာမာက ပြောကြားသည်။ **ဆင်ဟွာ။**

အစ္စရေးတပ်ဖွဲ့၏ အမြောက်ကျည်များမှ လွတ်ရာသို့ ထွက်ပြေးခိုလှုံကြရသော ပါလက်စတိုင်း မိသားစုတစ်စုကို တွေ့ရစဉ်။

တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံ၌ ၆၄ ဦးသေဆုံး

ပေကျင်း ဇူလိုင် ၂၅

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းနှစ်ကြိမ်တိုက်ခတ်မှုကြောင့် ၆၄ ဦးသေဆုံးခဲ့ရကြောင်း အစိုးရကနောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ ရာမာဆန်ဟုအမည်ပေးထားသော စူပါတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ၆၂ ဦးသေဆုံးခဲ့ရပြီး ၂၁ ဦးပျောက်ဆုံးလျက်ရှိသည်။

မက်မိုဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ရကြောင်း အရပ်ဘက်ရေးရာ ဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရမ်မာဆန်စူပါတိုင်ဖွန်းသည် တရုတ်နိုင်ငံတောင်ပိုင်း၌ ဆယ်စုနှစ်လေးစုတာကာလတွင် အပြင်းထန်ဆုံးတိုက်ခတ်ခဲ့သည့် မုန်တိုင်းဖြစ်သည်။ ကွမ်တုန်၊ ဟိုင်နန်၊ ယူနန်နှင့် ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူ ၁၁ သန်းမှာ မုန်တိုင်းဒုက္ခသည်များဖြစ်ခဲ့ကြရသည်။

မက်မိုဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းသည် ရှီကျန်း၊ ဖူးကျင့်၊ အင်ဟွေး၊ ကျန်စီး၊ ရှန်တုန်းနှင့် ကွမ်တုန်ပြည်နယ်များကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် စီးပွားရေးအရ ယွမ် ၃၈ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၅ ဘီလီယံ) နစ်နာဆုံးရှုံးရသည်။ **ဆင်ဟွာ။**

အာဆီယံ – ဥရောပသမဂ္ဂ မိတ်ဖက်ဆက်ဆံရေးကို မဟာဗျူဟာဆက်ဆံရေးအဆင့်သို့ တိုးမြှင့်သွားရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် (၂၀) ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ဇူလိုင် ၂၂ ရက်မှ ဇူလိုင် ၂၅ ရက်အထိ သွားရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဦးဆောင်၍ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်၊ အာဆီယံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၂၀)ကြိမ်မြောက်အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ ဥရောပကောင်စီ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်တွင် ကျင်းပခဲ့ပြီး ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပယူနီယံ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အထူးကိုယ်စားလှယ် Her Excellency Catherine Ashton နှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Pham Binh Minh တို့မှ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

(၂၀)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံနှင့်အီးယူတို့တွင် လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခြင်း၊ အာဆီယံ-အီးယူ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံ-အီးယူ ဘန်ဒါဆရီဘီဂါဝန် လုပ်ငန်းအစီအစဉ်(၂၀၁၃-၂၀၁၇)အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံနှင့် အီးယူအကြား ပေါင်းစပ်ဆက်သွယ်ရေးအလားအလာများကို ဆွေးနွေးခြင်း၊ အာဆီယံ-အီးယူ မိတ်ဖက်ဆက်ဆံရေးကို မဟာဗျူဟာဆက်ဆံရေးအဆင့်သို့ တိုးမြှင့်သွားရေးတို့ကို ဆွေးနွေးကြသည်။

ထို့အပြင် အရှေ့အာရှဒေသဆိုင်ရာအစီအမံ အလားအလာများ ဆွေးနွေးခြင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခြင်း၊ အာဆီယံနှင့် အီးယူအကြား ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ပူးပေါင်းကာကွယ်ရေး၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေး အစရှိသည်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Didier Reynders က ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်းသုံးခုတွင် ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုများ၊ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ဦးစားပေးဆောင်ရွက်သွားမည့် ကဏ္ဍများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များကိုလည်း အသိပေးပြောကြားခဲ့သည်။

အစည်းအဝေးမှ (၂၁)ကြိမ်မြောက် အာဆီယံ-အီးယူ ဝန်ကြီးအဆင့် အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင် ကျင်းပသွားရန် သဘောတူညီခဲ့သည်။

အစည်းအဝေးအပြီးတွင် (၂၀) ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးပူးတွဲသဘာပတိများ၏ ကြေညာချက်တစ်ရပ်နှင့် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ပစ်ချခံခဲ့ရသည့် မလေးရှားလေယာဉ် (MH-17)နှင့်ပတ်သက်သည့် ပူးတွဲကြေညာချက်တစ်ရပ်တို့ကို ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိစဉ်အတွင်း ဇူလိုင် ၂၂ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Didier Reynders နှင့် ဥရောပကော်မရှင်ရုံးတွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကဏ္ဍများနှင့် အလားအလာများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Radiskaw Sikorski၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Maritn Tiapa၊ ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Janos Martonyi၊ ခရိုအေးရှား နိုင်ငံခြားရေးဝန်ကြီး Mrs. Vesna Pusich ၊စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Jose Manuel Garcia-Mar gallo တို့နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပယူနီယံ၏ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အထူးကိုယ်စားလှယ် Her Excellency Catherine Ashton နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် အီးယူအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဥရောပယူနီယံ၊ နိုင်ငံခြားရေးဌာနဆိုင်ရာ သတင်းဌာနနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် အီးယူအကြား ၂၀၁၁ ခုနှစ်မှစတင်၍ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Herman Johan Stevens နှင့် လီဘာနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Elie Debahy တို့အား ဘရပ်ဆဲလ်မြို့ မြန်မာသံအမတ်ကြီးနေအိမ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် အဆိုပါနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုံးခွမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

သုံးခွ ဇူလိုင် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိုးဝင်း၏ စီမံဆောင်ရွက်မှုဖြင့် လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာဝင်းဝင်းမြင့်၊ ဒေါက်တာစိုးမိုးဝင်း၊ ဒေါက်တာဖြူဖြူဝင်း၊ သွားနှင့်ခံတွင်းရောဂါကုဌာနမှ ဒေါက်တာမြင့်မြင့်စန်းတို့နှင့်အတူ ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလျက် ဇူလိုင် ၈ ရက်မှစတင်ကာ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ် အနေဖြင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းအနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်များစစ်ဆေးခြင်းနှင့် နည်းစနစ်မှန်ကန်စွာဖြင့် သွားတိုက်နည်းအကြောင်း ဟောပြောခြင်းတို့နှင့်အတူ လက်တွေ့ကုသမှုပေးခြင်းတို့ပါ ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ အထက်တန်းကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲတစ်ကျောင်းနှင့် မူလတန်းကျောင်း ခြောက်ကျောင်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အောင်အောင်(သုံးခွ)

ဆုံးမစကား မှတ်သားလိုက်နာ ကောင်းကျိုးဖြာ

စန်းနီလာဝင်း

အခြေခံပညာရေးနယ်ပယ်တွင် ပြည်သူ့နီတိ (Civic Duty) ကို လေ့ကျင့်သင်ကြားပေးခြင်းသည် ဒီမိုကရေစီလူ့အဖွဲ့အစည်း (Democratic Society) အတွက် အခြေခံကျလှသော သင်ကြားမှုတစ်ရပ်ဖြစ်သည်။ ပြည်သူ့နီတိကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးကြောင့် လူ့ဘဝတစ်လျှောက်တွင် လူမှုကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာတတ်ကာ နိုင်ငံသားကောင်း၊ နိုင်ငံသူကောင်းအဖြစ်နှင့်လည်းကောင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျှင်လည်း ဝန်ထမ်းကောင်းအဖြစ်နှင့်လည်းကောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်လာလျှင်လည်း အသိပညာရှင်ကောင်း၊ အတတ်ပညာရှင်ကောင်းအဖြစ်လည်းကောင်း ဘဝတစ်လျှောက်လုံး တင့်တယ်ဂုဏ်ရှိစွာနှင့် ရပ်တည်သွားနိုင်မည်ဖြစ်သည်။

အိုးထိန်းသည်၏ အထုအရိုက်ကို မခံရသောအိုးသည် အိုးကောင်းလုံးဝဖြစ်မလာနိုင်သကဲ့သို့ မိကောင်းဖကောင်း၊ ဆရာကောင်း၊ သမားကောင်း၊ လူကြီး၊ လူကောင်းတို့၏ လမ်းညွှန်သွန်သင်မှုကို မခံယူရသော လူငယ်လူရွယ်တို့သည် အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဆိုသည့်ပမာ မည်သည့်အခါမျှ လူကောင်းလူတော် လုံးဝမဖြစ်လာနိုင်ပေ။

လူ့ဘဝတစ်လျှောက်လုံးတွင် အောင်မြင်တိုးတက်ကြီးပွားရန် အခြေခံအင်္ဂါရပ်လေးရပ် မရှိမဖြစ် လိုအပ်လှသည်။ ယင်းတို့မှာ ကြိုးစားခြင်း (TRY)၊ နည်းစနစ်မှန်ကန်ခြင်း (TECHNIQUE)၊ လေ့ကျင့်မှုကောင်းမွန်ခြင်း (TRAINING)နှင့် သင်ကြားပြသလမ်းပြဆုံးမသွန်သင်ခြင်း (TEACHING) တို့ဖြစ်ကြသည်။ ၎င်းကို အတိုကောက် ဝေါဟာရအဖြစ် "တီ" (T) လေးလုံးနှင့် ပြည့်စုံရမည်ဟု သုံးနှုန်းကြသည်။

လူနေမှုလောကတွင် ပုထုဇဉ်လူသားမှန်သမျှသည် ပြီးပြည့်စုံသည်ဟူ၍ မည်သို့မျှ မရှိနိုင်ပါ။ ဤသည်ကို အင်္ဂလိပ်စာစကားတွင် "No Man is Perfect" ဟု ဆိုရိုးပြုကြသည်။ ပုထုဇဉ်မှန်သမျှ အမှားအယွင်း၊ အတိမ်းအစောင်း၊ အချွတ်အချော်ဖြစ်တတ်ကြသည့်ချည်းသာ၊ ထိုအမှားအယွင်းတို့တွင် ခွင့်လွှတ်နိုင်သော အမှားနှင့် ခွင့်လွှတ်၍မရသော အမှားဟူ၍သာ ခြားနားသည်။ တစ်နည်းဆိုလျှင် ပြစ်မှုမြောက်သောအမှားနှင့် ပြစ်မှုမမြောက်သော အမှားဟူ၍လည်း ဆိုနိုင်သည်။

လူသားမှန်သမျှ အရိယာစစ်စစ် မဖြစ်သေးသမျှ ကာလပတ်လုံး ပြုမူဆောင်ရွက်သမျှသော မနောကံမှု (စိတ်အလုပ်)၊ ဝစီကံမှု (နှုတ်အလုပ်)၊ ကာယကံမှု(ကိုယ်ခန္ဓာအလုပ်)တို့တွင် ခြောက်ပစ်ကင်းသဲလဲစင်ဖြစ်နိုင်မည် မဟုတ်ပါ။ လူ့စိတ်ဟူသည် အလွန်(အဖြစ်)မြန်၏။ ထို့အတူ အလွန်(အပျက်)မြန်၏။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာနည်းအရ လက်ဖြောက်တစ်ချက်တီးချိန်အတွင်းမှာပင် စိတ်ပေါင်းကုဋေတစ်သိန်းမက ရှေ့နောက်ဆက်၍ ဖြစ်ပျက်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

စိတ်သည် အလွန်အဖြစ်အပျက်မြန်လှသောကြောင့် တဒင်္ဂတစ်ခဏအတွင်းမှာပင် စိတ်ကောင်း၊ စိတ်ဆိုး(ဝါ) ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ ရောနှောလျက်ဖြစ်တတ်၏။ သာဓကအားဖြင့် လူတစ်ဦးတစ်ယောက်သည် အိမ်ပေါ်၌ ဘုရားရှိခိုးလျက် ကုသိုလ်စိတ်ဖြစ်နေစဉ် အိမ်အောက်ထပ်၌ အရောင်းအဝယ်ဈေးခေါ်သံကို ကြားမိ၍ လောဘစိတ်ဟူသော အကုသိုလ်စိတ်ဖြစ်သွားတော့၏။ ဘုရားရှိခိုးနေစဉ် မခံချင်စဖွယ်ပြောသံကို ကြားရပြန်သောအခါ ဒေါသစိတ်ဟူသော အကုသိုလ်စိတ် ဖြစ်သွားပြန်တော့သည်။

ထို့အတူ ရောင်းဝယ်မှုဟူသော လောဘကိစ္စဆောင်ရွက်ဆဲမှာပင် ယုံကြည်မြတ်နိုးစိတ်ဟူသော သဒ္ဓါစိတ်(ကုသိုလ်စိတ်) ဖြစ်သွားပြန်တော့သည်။ အလားတူ တစ်စုံတစ်ရာကို အလိုမကျ၍ ဒေါသဖြစ်နေစဉ်မှာပင် ဆရာသမား၊ လူကြီးမိဘတို့၏ လမ်းညွှန်အဆုံးအမကို သတိရလိုက်သောအခါ သတိစိတ် (ကုသိုလ်စိတ်)ဖြစ်သွားပြန်တော့၏။ တဏှာပေမ လောဘစိတ်ဖြင့် ချစ်သူစုံတွဲ၊ အကြင်လင်မယားတို့သည် ချစ်ခင်ကြင်နာယုယစကားပြောနေကြစဉ်မှ စကားမှားယွင်းသွားသောအခါ အမုန်းကို အားပေးသော ဒေါသစိတ်ဝင်လာပြန်တော့သည်။

ထို့ကြောင့် စိတ်တစ်လုံးကိုအကုန်နိုင်လျှင် ကိလေသာအကုန်ငြိမ်းပါတော့သည်။ ကိလေသာအကုန်ငြိမ်းသော ပုဂ္ဂိုလ်တို့မှာ ဘုရား၊ ရဟန္တာတို့ပင်ဖြစ်ကြသည်။ ကျွန်တော်တို့သည် ပုထုဇဉ်မျှသာဖြစ်၍ စိတ်တစ်လုံးကို လုံးဝမနိုင်နိုင်ပါ။ ထို့ကြောင့် ကုသိုလ်စိတ်(ကောင်းသောစိတ်)၊ အကုသိုလ်စိတ်(မကောင်းသောစိတ်)တို့သည် အကြိမ်ကြိမ် အဖန်ဖန် အခါခါ မရေမတွက်နိုင်အောင် ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက်ဖြစ်လိုက်ဖြစ်နေသည်မှာ သေချာသည်။

သို့ရာတွင် ပုထုဇဉ်ဆိုရာ၌ (၁) အန္ဓပုထုဇဉ်(၂) ကလျာဏ ပုထုဇဉ်ဟူ၍ ခွဲခြားနိုင်သည်။ အန္ဓပုထုဇဉ်ဆိုသည်ကား လူဆိုးလူမိုက်လူယုတ်မာကို ရည်ညွှန်းပြီး ကလျာဏပုထုဇဉ်ဆိုသည်ကား သူတော်ကောင်းစိတ်ရှိသော လူကောင်းလူမြတ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ စိတ်ပညာသဘောတရားအရ ဆိုပါလျှင် လူကို အကြမ်းဖျဉ်းအားဖြင့် သုံးမျိုး ခွဲခြားထားသည်ကို တွေ့ရသည်။ ယင်းတို့မှာ (၁) Id=လူဆိုးလူမိုက်လူယုတ်မာ၊ (၂) Ego=သာမန်လူနှင့် (၃) Super Ego=သူတော်စင်သူတော်မြတ်ဟူ၍ ဖြစ်သည်။

ကိလေသာရှိသူတိုင်းသည် ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ်တို့မှ အခါခပ်သိမ်း လုံးဝမလွတ်ကင်းနိုင်ကြပါ။ ကလျာဏပုထုဇဉ်ဖြစ်လာသည်နှင့် ကာယကံအပြစ်ကို ရှောင်ကြဉ်တော့၏။ ဝစီကံအပြစ်ကိုလည်း ဆင်ခြင်တော့၏။ သို့ရာတွင် မနောကံအပြစ်၊ မနောကံအညစ်အကြေးကို ကုန်စင်အောင် ဆေးကြောသုတ်သင်ဖို့ရန် မလွယ်ကူလှပါ။ ထို့ကြောင့် မြတ်ဗုဒ္ဓက "မကောင်းသောစိတ်"၊ (အကုသိုလ်စိတ်)ကို ရွှံ့နှင့် ဥပမာပေး၍ ဟောကြားတော်မူခဲ့ခြင်းပင်။ ရွှံ့သည် မြေမှုန့်နှင့် ရေပေါင်းစပ်၍ ဖြစ်ပေါ်လာသော်လည်း ထိုရွှံ့ကို ရေနှင့်ပင် ဆေးကြောပစ်ရသကဲ့သို့ စိတ်ကြောင့် ဖြစ်ပေါ်တတ်သော အကုသိုလ်စိတ်ကိုလည်း ကုသိုလ်စိတ်ဖြစ်အောင် ထိုစိတ်ဖြင့်ပင် ပြုပြင်ယူရသည်ဟူ၍ ဟောကြားတော်မူခဲ့ခြင်းပင်ဖြစ်သည်။

ဤနေရာတွင် လူ့အဖွဲ့အစည်း၌ "အကွပ်အထိန်း"ဟူသောကျင့်ဝတ်ဥပဒေ၊ စည်းကမ်းများမရှိမဖြစ် လိုအပ်လာပါသည်။ ကြမ်းကို ပရမ်းပတာ မဖြစ်ရလေအောင် အကွပ်လုပ်ပေးသည့် သဘောပင်ဖြစ်သည်။ တကယ်တော့ အထုအဆစ် မခံရသော ကျောက်သားသည် မည်သို့မျှ လှပသော ကျောက်ဆစ်ရုပ်ဖြစ်မလာနိုင်ပေ။ ထို့အတူ ဆောက်ထွင်းမခံရသော သစ်သား၊ ပွတ်လုံး အထိမခံရသော သစ်သည်လည်း မည်သို့မျှ လှပသော ပန်းပုရုပ်ဖြစ်မလာနိုင်ပေ။ အသွေးမခံရသော ဓားသည်လည်းထက်မြက်သော ဓားတစ်ချောင်း၊ ဓားတစ်လက်ဖြစ်မလာနိုင်ပေ။ အရိုက်အပုတ် မခံရသော ရွှံ့မြေသားသည်လည်း မည်သို့မျှ အိုးကောင်းတစ်လုံး ဖြစ်မလာနိုင်ပေ။ ထို့အတူ အဆုံးအမ၊ အသွန်အသင်၊ အပဲ့အပြင်မရှိဘဲ လူကောင်းလူတော်လုံးဝဖြစ်မလာနိုင်ပေ။

လောက၌ အဆုံးအမ၊ အသွန်အသင်၊ အပဲ့အပြင်၊ အသင်အကြား လုံးဝမလိုတော့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့မှာ ကိလေသာလုံးဝကင်းစင်ပြီး ဘုရားနှင့် ရဟန္တာတို့သာဖြစ်၏။ ကျန်အနာဂါမ်၊ သဒါဂါမ်၊ သောတပန်တို့သည်လည်း မြတ်ဗုဒ္ဓ၏ ဓမ္မအဆုံးအမတို့နှင့် မပြတ်လိုက်နာကျင့်ကြံအားထုတ်နေကြရသည်။ ပုထုဇဉ်ဆိုလျှင်ကား ဆိုဖွယ်ရာမရှိတော့ပြီ၊ အဆုံးအမ အသွန်အသင် အမြဲလိုအပ်နေမည်သာဖြစ်သည်။

ဝိနည်းဟူသော အဆုံးအမသည် အပြောအဆို၊ အနေအထိုင်၊ အစားအသောက်များကို စနစ်တကျ နေထိုင်စားသောက်နည်းကို ညွှန်ပြသည်။ ဝိနည်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ "ဝိနေတီတိ ဝိနယော၊ ဝိနေတီဆုံးမတတ်သင်ပြတတ်၏၊ ဝါက္ကိတိ ထို့ကြောင့် ဝိနယော-ဝိနည်းမည်၏"ဟု ဆိုသည်။ ပြည်သူ့ကျင့်ဝတ်ခေါ် တစ်နိုင်ငံလုံး တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အရာများ၌ ရှောင်ကြဉ်ရ၊ လိုက်နာရမည့် စည်းကမ်းများရှိနေရာ ထိုစည်းကမ်းများသည်ပင် ဝိနည်းဖြစ်၏။ စည်းကမ်းကျင့်ဝတ်များကို နားလည်၍ လိုက်နာသူမှာ ပညာရှိ သူတော်ကောင်းတို့အမြင်တွင် ယဉ်ကျေးလျက်ရှိရာ ဝတ်စားတန်ဆာ အချိုးကျကျဆင်ယင်ထားသကဲ့သို့ ရှုချင်စဖွယ်ဖြစ်၏။ ဝိနည်းမလိုက်နာသူတို့မှာ လွန်စွာရိုင်းပျလျက် ပညာရှိသူတော်စင်တို့၏ အမြင်စက်ဆုပ်ဖွယ်၊ ကဲ့ရဲ့ဖွယ်ဖြစ်တော့သည်။

မြတ်ဗုဒ္ဓ၏ မဇ္ဈိမပဏ္ဏာသ ရာဟုလောဝါဒသုတ်တွင် "ကိမတ္ထိ၊ သောယာဒါသော" မှန်သည် မည်သို့အကျိုးရှိပါသနည်း။ ပစ္စဝေက္ခဏတ္ထောဘန္တေ' ဆင်ခြင်ခြင်း၊ အကန့်ရှိပါသည်ဟု ပြောဆိုထားသည်ကို လေ့လာတွေ့ရှိသည်။ မှန်ကြည့်သည်မှာ မိမိ၏ဝတ်ပုံဆင်ပုံ၊ ဖြီးလိမ်းပုံ၊ ဆင်ယင်ထုံးဖွဲ့ပုံ၊ အချိုးကျမကျ၊ ကောင်းမကောင်း၊ ကြည့်ရန်တင့်တယ်မှုရှိ၊ မရှိ သိရအောင် မှန်ကြည့်ခြင်းပင်ဖြစ်၏။ ထိုဥဒါမာဂုဏ်ကို ပမာဆောင်၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က ရာဟုလာအား ထိုမှန်ကိုကြည့်သကဲ့သို့ အစစအရာရာသင့် မသင့် ဆင်ခြင်၍ ကာယကံမှု ပြုရမည်။ အစစအရာရာသင့်၊ မသင့် ဆင်ခြင်၍ ဝစီကံမှု ပြုရမည်။ အစစအရာရာ သင့် မသင့် ဆင်ခြင်၍ မနောကံမှု ပြုရမည်။ မိမိတို့ပြုပြီးသော ကိုယ်၊ နှုတ်အမူအကျင့်များကို ပညာမှန်ပြင်ပေါ်တွင် တင်၍ ကောင်းမကောင်း ဆင်ခြင်သုံးသပ်ကာ မကောင်းလျှင် ကောင်းအောင် ပြုပြင်သွားကြရမည်ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

ပုထုဇဉ်လူသားမှန်သမျှ အရိယာစင်စစ် မဖြစ်သေးသမျှ ကာလပတ်လုံး ပြုမူလုပ်ကိုင်ဆောင်ရွက်သမျှသော မနောကံမှု၊ ဝစီကံမှု၊ ကာယကံမှုတို့တွင် အခါခပ်သိမ်းခြောက်ပစ်ကင်းသဲလဲစင် လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့် အဆုံးအမ၊ သွန်သင်ပဲ့ပြင်လမ်းညွှန်မှုတို့ကို အမြဲခံယူဖို့လိုသည်။ အဆုံးအမ အသွန်အသင် ပဲ့ပြင်မှုနှင့် လုံးဝ ကင်းကွာ၍ မရပေ။ ကင်းကွာသွားသည်နှင့် အကွပ်မရှိသည့် ကြမ်းပမာ ပရမ်းပတာ ဖြစ်ရုံသာရှိပါတော့သည်။

သာဓကတစ်ခုပြပါဦးမည်။ ရှေးအခါက ဂန္ဓာရ ရသေ့နှင့် ဝေဒဟရသေ့တို့သည် အတူနေထိုင်ကြရာ ဟိမဝန္တာတောမှ ခွာခဲ့ကြပြီး ရွာတစ်ရွာအနီးသို့ ရောက်ရှိလာခဲ့၏။ ထိုရသေ့နှစ်ပါးကား ဂန္ဓာရတိုင်းနှင့် ဝေဒဟတိုင်းတို့ကို စွန့်လွှတ်ကာ ရသေ့ပြုလာသော ဘုရင်ဟောင်းများဖြစ်ကြသည်။ ဝေဒဟရသေ့က တစ်နေ့တွင် ဆွမ်းခံရရှိခဲ့သည့် ပိုနေသော ဆားကို ကျောင်းခေါင်မိုး၌ ထိုးထားလိုက်၏။ နောက်နေ့ ဆွမ်းခံပြီး ပြန်လာသောအခါ ထိုဆားကိုယူ၍ ဂန္ဓာရ ရသေ့အားပေးသောအခါ "အရှင်ဝေဒဟရသေ့ ယနေ့ဆွမ်းခံရာ ပြန်လာသောအခါ ထိုဆားကို ဘယ်က ရရှိလာပါသနည်း" ဟု မေးလေရာ မနေ့က ပို၍သိမ်းဆည်းထားသည့် ဆားဖြစ်ကြောင်း ပြောလိုက်၏။ ထိုအခါ ဂန္ဓာရရသေ့က "ကျွန်ုပ်တို့သည် မင်းအဖြစ်နှင့်တိုင်းပြည်ကို စွန့်လွှတ်လာပြီးပါလျက်နှင့် ဤတန်ဖိုးမရှိလှသည့် ဆားကလေးကို အဘယ်ကြောင့် မက်မက်မောမော သိမ်းထားရကောင်းလား"ဟု အပြစ်တင်ဆုံးမလိုက်၏။

ထိုအခါ ဝေဒဟရသေ့က မခံမရပ်နိုင်ဖြစ်ကာ "အရှင်ရသေ့သည် မိမိကိုယ်ကို ဆုံးမရန်ထွက်လာပြီး ယခု အဘယ်ကြောင့် သူတစ်ပါးကို ဆုံးမနေရပါသနည်း"ဟု ပြန်ပြောလိုက်၏။ ဂန္ဓာရရသေ့က-

"အရှင်ဝေဒဟရသေ့၊ ငါကား တရားသည်ကို ပြောခြင်းဖြစ်၏။ မတရားသည်ကို ငါလုံးဝမကြိုက်၊ တရားမျှတသည်ကို ပြောသောင့်မှာ မကောင်းမှုမဖြစ်ဟု ပြောလိုက်၏။ ထိုအခါ ဝေဒဟရသေ့က "ဘာကြောင့်ပဲ ဖြစ်စေ သူတစ်ပါးကိုထိခိုက်လျှင် အကျိုးရှိသည်ကိုပင် မပြောသင့်"ဟု ဆိုပြန်၏။ "သူတစ်ပါးကို ထိခိုက်၍ ဖွဲပြာလိုပင် လွင့်သွားစေတော့ တရားမျှတသည်ကို ပြောကြားသောင့်မှာ အပြစ်မရောက်၊ ဝေဒဟကိုယ်ပိုင်ဉာဏ်လည်းမရှိ၊ ဝိနည်းလည်းမသင်သောလူများသည် တောထဲက ကျွဲကန်းကြီး မမြင်မစမ်းသွားနေသည်နှင့် တူလှသည်။ ဆရာသမားထံသင်ကြားရန် ဆုံးမခံပြီး ဝိနည်းရှိသူတို့သာလျှင် တည်ငြိမ်သောစိတ်ရှိတော့သည်"ဟူသော အဆုံးအမကို ကြားသိရမှ ဝေဒဟရသေ့သည် မိမိ၏အမှားကို ဝန်ချတောင်းပန်ကြောင်း သတ္တကနိပါတ်ဂန္ဓာရဇာတ်တော်၌ လေ့လာတွေ့ရှိရသည်။

ယနေ့ အခြေခံပညာရေးနယ်ပယ်တွင် "ပြည်သူ့နီတိ" (Civic Duty) ပါဝင်သော 'စာရိတ္တပညာရေး' (Moral Education) နှင့် ပေါင်းစပ်သင်ကြားပေးခြင်းဖြင့် "လွတ်လပ်မှု" (Liberty) နှင့် "တာဝန်ယူ တာဝန်ခံမှု" (Accountability) တို့ကို သမ္မာသမတ်မျှတစွာ ပေါင်းစပ်နေထိုင်ကြရသော "ဒီမိုကရေစီလူ့အဖွဲ့အစည်း" (Democratic Society) အတွက် ကောင်းမွန်သော အလေ့အကျင့်များဖြစ်စေသည်။

လူ့လောကတွင် လူသားမှန်သမျှ အရိယာစင်စစ် မဖြစ်သေးသမျှ ကာလပတ်လုံးခြောက်ပြစ်ကင်းသဲလဲစင်မည်သို့မျှ မဖြစ်နိုင်ပါ။ စာရေးသူတွင်လည်း အပြစ်ရှိနိုင်သည်။ စာရှုသူတို့တွင်လည်း အပြစ်ရှိနိုင်သည်။ ထို့ကြောင့် စာရေးသူက အရှင်ရာဟုလာ တောင့်တခဲ့သလို "သဲလုံးနှင့်အမျှ ဆုံးမပဲ့ပြင် လမ်းညွှန်ပညာပေးမည့် ပုဂ္ဂိုလ်များနှင့် ဆုံတွေ့ပါရစေ"ဟု အခါခပ်သိမ်းတောင့်တမိပါသည်။ စာရှုသူတို့၏ ဆန္ဒရော မည်သို့ရှိပါသနည်း ဟူ၍။ ။

> **ပုထုဇဉ်လူသားမှန်သမျှ အရိယာစင်စစ် မဖြစ်သေးသမျှကာလပတ်လုံး ပြုမူလုပ်ကိုင်ဆောင်ရွက်သမျှသော မနောကံမှု၊ ဝစီကံမှု၊ ကာယကံမှုတို့တွင် အခါခပ်သိမ်း ခြောက်ပစ်ကင်း သဲလဲစင် လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့် အဆုံးအမ၊ သွန်သင်ပဲ့ပြင်လမ်းညွှန်မှုတို့ကို အမြဲခံယူဖို့လိုသည်။**



ပြည်သူ့လွှတ်တော်အစည်းအဝေး

ရွေးချယ်တင်မြှောက်သည့်စနစ်မှန်ကန်မှသာ ပြည်သူများက ပြည်သူ့ကိုယ်စားလှယ်များကို မှန်ကန်စွာရွေးချယ်တင်မြှောက်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍတွင် မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **“နိုင်ငံတော်အလံအပါအဝင် အခြားအထိမ်းအမှတ်အလံများကို အလွဲအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အရေးယူကြပ်မတ်နိုင်ရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၇ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံအား ပြဋ္ဌာန်းသတ်မှတ်ထားရှိပြီး ၂၀၁၀ ပြည့်နှစ် နိုင်ငံတော်အလံဥပဒေအရလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအထိမ်းအမှတ်အား ၂၀၁၀ ပြည့်နှစ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း အသုံးပြုသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ သို့မဟုတ် လက်အောက်ခံနိုင်ငံတစ်ခု၏ သို့မဟုတ် ထိုနိုင်ငံတစ်စိတ်တစ်ဒေသ၏ အလံ၊ တံခွန်၊ အခြားအထိမ်းအမှတ်၊ အမျိုးသားခေါင်းဆောင်များပုံ၊ နိုင်ငံတော်အထိမ်းအမှတ်နှင့် ဆင်တူယိုးမှားဖြစ်စေသော အရာဝတ္ထုများနှင့်စပ်လျဉ်း၍ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေအရလည်းကောင်း စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် သာသနာအလံများနှင့်ပတ်သက်၍ အလွဲသုံးခြင်း၊ မဖွယ်မရာပြုခြင်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅၊ ပုဒ်မ ၂၉၅-က တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် တိုင်းရင်းသားလူမျိုးများ၏ အထိမ်းအမှတ်အလံများ၊ အဖွဲ့အစည်းအလံများ၊ အသင်းအဖွဲ့အလံများ၊ အခြားအလံများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများအရ လွှင့်ထူဆောင်ရွက်မည်ဖြစ်သကဲ့သို့ အဆိုပါအလံများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် အလွဲသုံးခြင်း၊ စွန့်ပစ်ခြင်းအပါအဝင် မဖွယ်မရာပြုလုပ်ခြင်းခံရပါက နစ်နာဆုံးရှုံးသည့် သက်ဆိုင်သူများ၏ တိုင်ကြားချက်အရ ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အလံနှင့် အခြားအထိမ်းအမှတ်အလံများနှင့်ပတ်သက်၍ အလွဲအသုံးပြုခြင်းများအပေါ် နိုင်ငံတော်အလံဥပဒေ၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့ဖြင့် အရေးယူလျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အလံဥပဒေပုဒ်မ ၉ ဖြင့် (၂)မှု၊ တရားခံ (၂)ဦးနှင့် ၂၀၁၄ခုနှစ် ဇွန် ၁၅ရက်အထိ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ ဖြင့် (၁)မှု၊ တရားခံ (၁)ဦးတို့အား အရေးယူခဲ့ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **“လယ်ယာနှင့်အခြားသီးနှံများ စိုက်ပျိုးရေး နည်းပညာနှင့်ပတ်သက်သော အချက်အလက်များကို Website ဖွင့်၍ တင်ထားပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနည်းပညာများကို တောင်သူလယ်သမားများ အလွယ်တကူကြည့်ရှုလေ့လာနိုင်ရန်အတွက် တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းတစ်ခုအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှ စတင်ထုတ်လွှင့်ပြသပေးလျက်ရှိပါကြောင်း။

သီးနှံအမယ်အလိုက် မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ ရေမြေဒေသအခြေခံအလိုက် စိုက်ပျိုးသင့်သောသီးနှံပုံစံများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း၊ သိုလှောင်ခြင်းနည်းပညာများ၊ ဈေးနှုန်းသတင်းအချက်အလက်များအား အင်တာနက် စာမျက်နှာပေါ်တွင် **www.moai.gov.mm** လိပ်စာဖြင့် (၂၀၀၅) ခုနှစ်ကတည်းက **Website** တည်ထောင်၍ လွှင့်တင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အခက်အခဲအချို့ကြောင့် ရပ်နားခဲ့ပြီး ၂၀၁၄ခုနှစ်၊ မတ်လမှစ၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ယခင်လိပ်စာအတိုင်း ပြန်လည်လွှင့်တင်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့် (၁၉) ချက်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၄၈)ချက်နှင့် ဦးခမိုင်မုံကွမ်၏ ပြင်ဆင်ချက်(၁)ချက်တို့အား လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သဘောထားများကိုရယူ၍ အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **“မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပမည့် စနစ်တစ်ခုကို ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက အချိုးကျကိုယ်စားပြုစနစ်(PR)သည် ဒီမိုကရေစီစနစ်ကို တည်ဆောက်သည့်နေရာတွင်လည်းကောင်း၊ ဖက်ဒရယ်စနစ်ကို ပုံဖော်ရာတွင်လည်းကောင်း ကောင်းမွန်သော စနစ်တစ်ခုဖြစ်ပါကြောင်း၊ ပါတီစုံပါဝင်နိုင်ပြီး လွှတ်တော်တွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ပိုမိုပုံဖော်နိုင်သည့်အတွက် လွှတ်တော်သည် ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ အပြန်အလှန် ထိန်းကျောင်းသည့်စနစ်လည်း ပိုမိုအသက်ဝင်ကောင်းမွန်လာမည်ဟု သုံးသပ်မိပါကြောင်း၊ သို့ပါ၍ ယင်းအဆိုသည် ပိုမိုအားကောင်းသည့် အနာဂတ်ကို ဖော်ဆောင်နိုင်ပြီး တိုင်းရင်းသားများအတွက်လည်း အထောက်အကူဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညဏ်ဆွေဝင်းက ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလာသည့်အတွက် ပြည်သူများက တိုင်းပြည်အတွက် အစိုးရကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်ပါကြောင်း၊ ရွေးချယ်တင်မြှောက်ရမည့်စနစ်သည် မှန်ကန်မျှတပြီး အားလုံးပါဝင်နိုင်သည့် အခွင့်အလမ်းများရှိရမည်ဖြစ်ပါကြောင်း၊ ရွေးချယ်တင်မြှောက်သည့်စနစ်မှန်ကန်မှသာ ပြည်သူများက ပြည်သူ့ကိုယ်စားလှယ်များကို မှန်ကန်စွာရွေးချယ်တင်မြှောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် မှန်ကန်သော ရွေးချယ်တင်မြှောက်သည့်စနစ်ကို လိုအပ်လျက်ရှိပါကြောင်း၊ အချိုးကျ ကိုယ်စားပြုစနစ်ကို ဒီမိုကရေစီနိုင်ငံကြီးအချို့နှင့် ထွန်းသစ်စဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလျက်ရှိရာ အာရှ၊ ဥရောပ အပါအဝင် ဒီမိုကရေစီနိုင်ငံ (၉၀)ကျော်တွင် ကျင့်သုံးအောင်မြင်လျက်ရှိပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် (PR)သည် ဒီမိုကရေစီပုံစံကျသည့်စနစ်ဖြစ်ကြောင်းကို ကမ္ဘာ့နိုင်ငံရေးသိပ္ပံပညာရှင်များက အသိအမှတ်ပြု အမှတ်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်တင်မြှောက်ပုံစနစ်သည် ဒီမိုကရေစီပုံစံပီပြင်ရမည်ဖြစ်ပါကြောင်း၊ ရွေးချယ်တင်မြှောက်မှုစနစ်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ပိုမိုအထောက်အကူပြုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်စေရန်လိုအပ်ပါကြောင်း၊ မဲဆန္ဒရှင်များ၏ မဲပေးမှုသည် ပါတီပုံရိပ်ကို ပိုမိုလွှမ်းမိုးစေပြီး မိမိတို့၏ မဲဆန္ဒကို ယုံယုံကြည်ကြည်ဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန် အထူးလိုအပ်လျက်ရှိပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်သည် အလွန်အင်မတန်နုနယ်နေသေးသည့်အတွက် စနစ်တစ်ခုမှတစ်ခုသို့ ခဏခဏပြောင်းလဲခြင်းကြောင့် ပြည်သူများစနစ်ကို နားလည်ရန်ခက်ခဲပြီး အလွယ်တကူလက်ခံမကျင့်သုံးနိုင်သည့်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ယခုထက်ပိုမိုလေ့လာသုံးသပ်၍

စာမျက်နှာ ၈ သို့ ❖

အမျိုးသားလွှတ်တော်အစည်းအဝေး

သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

စာရင်းကောက်များ၏ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ်ထောင်စု/လူဦးရေစာရင်းချုပ်များကို ပြုစု၍ရှေ့ပြေးလူဦးရေစာရင်းအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်မည်ဖြစ်ပါကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **“လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ပြည်ထောင်စုနယ်မြေရှိ သတ်မှတ်လျာထားသော မြို့နယ်အားလုံး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအားလုံးရှိ စာရင်းကောက်ကွက်အားလုံး လွှမ်းခြုံအောင် ကောက်ခံနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ ထည့်သွင်းရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးသက်နိုင်ဦး။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် အိမ်ထောင်စုပေါင်း (၁၂)သန်းခန့်ရှိပြီး နိုင်ငံတစ်ဝန်း စာရင်းကောက်ကွက်ပေါင်း(၈၁၀၀၀) အား လှူ၊ လှည်း၊ သမ္ဗန်၊ မော်တော်ကား၊ လေယာဉ် စသည်ဖြင့် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းများဖြင့် ကောက်ကွက်မှ တစ်ဆင့် ရွာ၊ ယင်းမှတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဗဟိုအထိ အဆင့်ဆင့် သယ်ယူရသည့် လုပ်ငန်းပမာဏသည် အင်မတန် ကြီးမားသည့်အတွက် ယခုနှစ် မေလကုန်မှသာ ဝန်ကြီးဌာနသို့ အစုံအလင် ရောက်ရှိခဲ့ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပြီးစီးမှု၊ လက်ကျန်၊ မည်သည့်အတွက် ကျန်ခဲ့ရသည်ကို တရားဝင်ဖော်ပြကြေညာ၍ သန်းခေါင်စာရင်းလုပ်ငန်းစဉ် အဆုံးသတ်သွားမည်ဖြစ်ပြီး အခြားရင်းမြစ်မှ တတ်နိုင်သမျှ အချက်အလက်များကို အသုံးပြု၍ ကျန်ရှိခဲ့သည့်စာရင်းကို ခန့်မှန်းတွက်ချက်သွားမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာတွင် အခြေခံသတ်မှတ်ထားသည့် Code ဖြင့် ကောက်ယူခဲ့သော တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများသည် အပြောင်းအလဲရှိနိုင်ပါကြောင်း၊ ယင်းစာရင်းများကို စာရင်းဇယားပြုစုခြင်းလုပ်ငန်းမှ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများနှင့်ပတ်သက်၍ ထွက်ရှိလာသည့် စာရင်းများအရ လူမျိုးစုအမည်၊ သတ်ပုံသတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည် အသစ်ထပ်မံတိုးလာခြင်းနှင့် အချို့မှာ ပျောက်ကွယ်သွားခြင်းအပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက်များ ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများစာရင်း အပြောင်းအလဲ ရှိ/မရှိကို သိရှိနိုင်မည်ဖြစ်ပါကြောင်း။

စာရင်းဇယားပြုစုခြင်းလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားပါကြောင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် ဇယားများတည်ဆောက်ခြင်း၊ အခြေခံလူဦးရေ စာရင်းများထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြိုတင်ဂဏန်းသင်္ချာ ပေးထားသည့် လူမျိုးစာရင်းကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်၌သာ ရရှိနိုင်မည်ဖြစ်ပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း အဆင့်ဆင့်ညှိနှိုင်းမှုပြုပြီးမှသာ ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ လူမျိုးဂဏန်းသင်္ချာတွင် မပါရှိသည့် “အခြား”အုပ်စုများကို ဂဏန်းသင်္ချာတပ်ခြင်းလုပ်ငန်းသည် ဒုတိယလုပ်ငန်းစဉ်ဖြစ်၍ ၂၀၁၅ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစုကြီး(၈)မျိုးနှင့် မျိုးနွယ်စုများ အရေအတွက်နှင့် အမည်စာရင်းအသေးစိတ်ကို ထုတ်ပြန်ကြေညာနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ယခုနှစ် သန်းခေါင်စာရင်းတွင် ယခင်အစဉ်အဆက် အကြောင်းအမျိုးမျိုးကြောင့် စာရင်းမကောက်ယူနိုင်ခဲ့သည့် “ဝ”ဒေသ၊ ကိုးကန့်ဒေသ စသည်တို့အပြင် ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ တပ်စွဲထားသော နေရာများမှအပ ကျန်ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီနှင့် ကယားအစရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ လှုပ်ရှားရာနယ်မြေနှင့် တပ်ဖွဲ့ဝင်များကိုပင် တိုင်းရင်းသားညီအစ်ကိုများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ သို့ ❐

❖ ပြည်သူ့လွှတ်တော်မှ

သုတေသနများစွာပြုလုပ်ရန် အထူးလိုအပ်လျက်ရှိပါသဖြင့် ယခုလတ်တလော အချိန်တွင် ကျင့်သုံးရန် မသင့်သေးပါကြောင်းဖြင့် ကန့်ကွက်ဆွေးနွေး သည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ရွေးကောက်ပွဲလွန်ကာလများတွင် နိုင်ငံတော် တည်ဆောက်မှုယန္တရားများ တည်ငြိမ်အေးချမ်းစွာ ဖြစ်ထွန်း ပေါ်ပေါက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ [illegible]

ဤကဲ့သို့ နိုင်ငံပေါင်းမြောက်မြားစွာသည် အချိုးကျကိုယ်စားပြုစနစ် (PR)ကို ကျင့်သုံးခဲ့ကြသကဲ့သို့ [illegible]

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို [illegible] ထောက်ခံဆွေးနွေး သည်။

ချီဖွေမဲဆန္ဒနယ်မှ [illegible] မဲများသူအနိုင်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ် (PR)ကို [illegible]

[illegible]

ပုသိမ်မဲဆန္ဒနယ်မှ [illegible] (FPTP) [illegible]

[illegible] အချိုးကျကိုယ်စားပြုစနစ်(PR) [illegible]

"ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်စေရ" [illegible] (သတင်းစဉ်)

ဒဂုံတက္ကသိုလ် ဥပဒေပညာအထူးပြု ကျောင်းသားကျောင်းသူများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၅

ဒဂုံတက္ကသိုလ် ဥပဒေပညာအထူးပြု [illegible] (အပေါ်ပုံ)

[illegible] (သတင်းစဉ်)

❒ အမျိုးသားလွှတ်တော်မှ

[illegible] "၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအပေါ် အခြေခံ၍ နိုင်ငံသား သက်ကြီးရွယ်အိုပြည်သူများနှင့် ကောင်းသူမွှေအလေသမားများ (ဝန်ထမ်းပင်စင်စားများမပါ)အား ဆင်းရဲနွမ်းပါးမှု အစီအစဉ်တွင် ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆိုးရှည် သုတ်ကြမ်းသော လစဉ်ထောက်ပံ့မှုပေးရန် အစီအစဉ် ရှိ/မရှိ" [illegible]

[illegible]

အိုမင်းမစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ခဲ့ပြီး အသက်(၇၀)နှစ်နှင့် အထက် သက်ကြီးရွယ်အိုများကို [illegible] တွင် ရိပ်သာအခြေပြုစောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာ (၇၁)ခုကို အသိအမှတ်ပြု၍ ပထမအဆင့်တွင် လူတစ်ဦး တစ်နှစ်လျှင် ဆန်ဖိုးငွေကျပ်(၃၀၀၀၀)၊ ဒုတိယအဆင့်တွင် ဆန်ဖိုးငွေအပြင် စားစရိတ်(၃၀၀၀၀)ကျပ်နှင့် ဝတ်စရိတ် (၁၃၀၀၀)ကျပ်၊ တတိယအဆင့်တွင် ဆန်ဖိုးငွေ၊ စားစရိတ်၊ ဝတ်စရိတ် အပြင် ဂေဟာမှူးလစာ တစ်နှစ်လျှင် (၃၆၀၀၀၀)ကျပ်ကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

[illegible] သည်။

အစီရင်ခံစာတင်သွင်းရာ၌ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ၁၉၉၅ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေ၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်၊ သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ လက်လုပ်လက်စား တစ်ပိုင်တစ်နိုင်မှစတင်၍ အသေးစား၊ အလတ်စား၊ အကြီးစား လုပ်ငန်းရှင်များ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန်၊ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းမှ နိုင်ငံတော်အတွက်ရရှိမည့် ရတနာခွန်နှင့် အခကြေးငွေများ အပြည့်အဝရရှိစေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းထားခြင်းဖြစ်ပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

▼ သီလဝါမှ

[illegible] EIA [illegible]

[illegible] Environmental Resource Management အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ယာယီရုံး၌ ယနေ့နံနက် ၁၀ နာရီကပြုလုပ်သည့် စီမံကိန်းအကောင်အထည်ဖော်မည့် ဟက်တာ ၂၀၀၀ အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ဆောင်ရွက်နေခြင်းနှင့် ပတ်သက်ပြီး စီမံကိန်းနှင့်သက်ဆိုင်သူများနှင့် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံများနှင့် တွေ့ဆုံပွဲသည် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်သည်။ EIA ရှင်းလင်းပွဲများကို ပြီးခဲ့သည့် ဇွန် ၃၀ ရက်က အဆိုပါရုံး၌ ပထမအကြိမ်ကျင်းပခဲ့ပြီး လာမည့်နိုဝင်ဘာလတွင် တတိယအကြိမ် ထပ်မံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

❖ တျောဖုံးမှ

ထို့အတူ အင်္ဂလန်နိုင်ငံကိုယ်စားပြု ဂျူဒိုကစားသမား အက်ရှ်လေမက်ကင်ဇီသည်လည်း ၂၀၁၄ ခနသဟာယ အားကစားပြိုင်ပွဲ၏ အမျိုးသား ၆၀ ကီလိုတန်း ဂျူဒိုပြိုင်ပွဲတွင် ပြိုင်ဘက် အိန္ဒိယဂျူဒိုကစားသမား နက်ဂျော့ချာနာအား အနိုင်ရရှိကာ အင်္ဂလန်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ပြီး လက်ရှိ ၂၀၁၄ ခနသဟာယ အားကစားပြိုင်ပွဲ၏ ဆုတံဆိပ်ရရှိမှုတွင် အင်္ဂလန်နိုင်ငံက ရွှေတံဆိပ်ခြောက်ခုဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

မက်ကင်ဇီသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်နှင့်ပင် ပြိုင်ပွဲမှထွက်ခဲ့ရသော်လည်း လက်ရှိ ခနသဟာယအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ဆုကို အင်္ဂလန်နိုင်ငံအတွက် ဆွတ်ခူးပေးနိုင်ခဲ့ရာ ဂျူဒိုပြိုင်ပွဲမှ ရရှိထားသည့် ရွှေတံဆိပ်ဆုသုံးဆုတွင် တစ်ဆုအပါအဝင်လည်း ဖြစ်လာခဲ့သည်။

ခနသဟာယအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုတွင် ဒုတိယနေရာ၌ ဩစတြေးလျနိုင်ငံက ရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် အိမ်ရှင်စကော့တလန်နိုင်ငံက တတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်းသိရသည်။

(နိုင်လင်းကြည်)

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ထက်စုဝင်းကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ထက်စုဝင်းကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး စက်မှုလုပ်ငန်းများမှ စွန့်ထုတ်သည့် ရေဆိုးသန့်စင်သည့် စက်ရုံများ တည်ဆောက်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ အကြံပြုချက်များရယူနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

နှစ်နိုင်ငံမူဝါဒရေးရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Ms. Sujatha Singh ၏ ဖိတ်ကြားချက်အရ (၁၄)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ဇူလိုင် ၂၂ ရက်မှ ဇူလိုင် ၂၄ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ သွားရောက်ခဲ့သည်။

(၁၄)ကြိမ်မြောက် မြန်မာ-အိန္ဒိယ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် နိုင်ငံခြားရေးအတွင်းဝန် Ms. Sujatha Singh တို့ ဦးဆောင်၍ ဇူလိုင် ၂၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအမြန်လမ်းမကြီး၊ ရိဒ်-တီးတိန်လမ်းမကြီးနှင့် ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းများ၊ အင်ဖာ-မန္တလေး ဘတ်စ်ကားပြေးဆွဲရေးလုပ်ငန်း၊ နယ်စပ်ရေးရာ၊ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုစသည့် နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံမူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးသန့်ကျော်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စစ် ဆူရှမာ ဆွာရပ်ဂျ်အား သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ဆားလင်းကြီးမှ

စိုက်ပျိုးနိုင်ရေးကို ဒေသခံတောင်သူများအား ဆက်လက်စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးထားသောကြောင့် ယခင်က မြစ်ရေတင်ရေ မရရှိသေးသော မိုးကြိုးပြင်အုပ်စု ဖောင်းကားတောင်ရွာ၊ မြောက်ရွာနှင့် အလယ်ရွာများ၊ ကံကုန်းရွာတို့တွင် စိုက်ပျိုးရေရရှိမည့်အပြင် အဆိုပါကျေးရွာများရှိ သောက်သုံးရေကန် ရေမပြတ်လပ်စေရန် ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။ မြစ်ရေတင်တူးမြောင်းစနစ်အတွင်းရှိ ညောင်ပင်ကြီး၊ ကျောက်မျက်၊ တောင်ပလူ၊ ကံကုန်း၊ ဖောင်းကား၊ ရွာရှည်၊ မိုးကြိုးပြင်ကျေးရွာအုပ်စုများရှိ စိုက်ပျိုးမြေများကို နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးရေပေးဝေခြင်းကို မြေဧက ၁၀၀၀ ခန့်အထိ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ညောင်ပင်ကြီးမြစ်ရေတင်စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် မတ်လကုန်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ စီမံကိန်းကို ကျပ်သန်း ၁၂၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လျှပ်စစ်ပိုင်းဆိုင်ရာများ သွယ်တန်းပြီး အဆင့်ငါးခု၊ မြောင်းမကြီး ၅ ဒသမ ၄၉ မိုင်၊ လက်တံမြောင်း ၁၈ ဒသမ ၁၂၅ မိုင်၊ တူးမြောင်းအဆောက်အအုံ ၁၆၀ တည်ဆောက်ပြီးစီးခဲ့သည်။

တည်ဆောက်ပြီး ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၇၇၀၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၄၁၁ ဧက၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၅၁၃ ဧက၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၆၃၅ ဧက၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဧက ၇၉၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၆၂၂ ဧကနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၉၄ ဧကကို စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန် လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင်မြောင်းများမှာ ရန်ပုံငွေအခက်အခဲအရ နှစ်စဉ်လိုလောက်သော ပြုပြင်ထိန်းသိမ်းမှုများ မလုပ်နိုင်ခဲ့ခြင်း၊ စီမံကိန်းဧရိယာရှိ မြေသားအများစုမှာ ရေတွင် ပျော်ဝင်လွယ်သည့် မြေများဖြစ်ခြင်းတို့ကြောင့် တူးမြောင်းကြံ့ခိုင်မှုမှာ အားနည်းလာခဲ့သည်။ တူးမြောင်းရေတင်အဆင့်နှစ် ပေတိုင် ၉၈၀၀ ပေမှစ၍ တူးမြောင်းအဆုံးထိ ပေတိုင် ၂၈၄၀၀ ပေနှင့် တူးမြောင်းလက်တံ (၃-က)၊ တူးမြောင်းလက်တံ (၄) စိုက်ပျိုးဧရိယာများသို့ လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေနိုင်ရန် အခက်အခဲများ ကြုံတွေ့လာခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ မိုးကြိုးပြင်ကျေးရွာအုပ်စု ဖောင်းကားတောင်ရွာ၊ မြောက်ရွာနှင့် အလယ်ကျေးရွာများ၊ ကံကုန်း၊ ဒုံးတောကျေးရွာများအနေဖြင့် မိုးခေါင်မှုကြောင့် ကျေးရွာရှိ သောက်သုံးရေကန်များ ရေပြတ်လပ်ကာ သီးနှံများရေမရရှိ၍ အချိန်မီမစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်မှ ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ဒေသခံများ၏ တင်ပြချက်များဖြင့် လက်ပံတောင်းတောင် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့၏ လမ်းညွှန်မှုဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာမှစ၍ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ တူးမြောင်းမကြီးပေတိုင်(သုည မှ ၂၈၄၀၀)ပေအတွင်း တူးမြောင်းပေါင်များအား ဖြည့်ခြင်း၊ ရေတွင်ပျော်ဝင်လွယ်သော မြေများကို မြေတောင်းများဖြင့် အစားထိုးခြင်းအပါအဝင် မြေကြီးလုပ်ငန်း ကျင်း ၈၂၀၀၀ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တူးမြောင်းအဆောက်အအုံသစ် တည်ဆောက်ခြင်းသုံးခု၊ အဟောင်းပြုပြင်ခြင်း ခြောက်ခုဆောင်ရွက်ခဲ့ပြီး မူလတူးမြောင်းမကြီး အဆုံးနေရာပေတိုင် ပေ ၂၈၄၀၀ မှ ဖောင်းကားဆည်အထိ တိုးချဲ့ရေပေးမြောင်းအသစ် ဖောက်လုပ်ခြင်းကို မြောင်းအရှည်ပေ ၁၆၀၀၊ တူးမြောင်းအဆောက်အအုံသစ်သုံးခု၊ ထပ်ဆင့်အနိမ့်ရေတင်အဆင့်သစ်တစ်ခု၊ (၁၁)KV လျှပ်စစ်မီးလိုင်း တိုးချဲ့ခြင်း ပေ ၅၂၀၀ နှင့် 160 KVA ဓာတ်အားခွဲရုံအသစ် တစ်ခု ထပ်မံ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ အလျားပေ ၄၃၀၀ ရှိ တူးမြောင်းလက်တံမြောင်းခွဲ(၃-က) နှင့်အလျားပေ ၅၈၀၀ တူးမြောင်းလက်တံမြောင်းခွဲ(၄)တို့တွင် မြေကြီးလုပ်ငန်း ကျင်း ၈၃၀၀၊ တူးမြောင်းအဆောက်အအုံပြုပြင်တည်ဆောက်ခြင်း ၂၁ ခု၊ တူးမြောင်းလိုင်နင်စီခြင်း ပေ၂၅၀ နှင့် လယ်ကြားမြောင်း ပေ ၅၅၀၀ ကို ဖောက်လုပ်ပေးထားသည်။ ထို့ပြင် ကံကုန်းရွာသောက်သုံးရေရရှိရေးအတွက် လျှပ်စစ်မြစ်ရေတင် တူးမြောင်းမကြီးရေတင်အဆင့်နှစ်မှ ကံကုန်းရွာသို့ လေးလက်မ PVC ပိုက် ပေ ၄၁၀၀ ကို သွယ်တန်းပေးခဲ့ပြီး ကံကုန်းရွာ စာသင်ကျောင်းအတွင်း ဂါလန်တစ်သောင်းဆံ့ အုတ်ရေကန်တစ်ကန် တည်ဆောက်ပေးနိုင်ကာ ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင်အဆင့်မြှင့်တင်ခြင်းကို ဧပြီလကုန်တွင် အပြီးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မေ ၃၁ ရက်တွင် သမ္မတရုံးဝန်ကြီး ဦးလှထွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။ မိုးစပါးနှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံများ၊ သီးထပ်၊ သီးညှပ်သီးနှံများ တိုးတက်စိုက်ပျိုးလာစေရန်နှင့် စိုက်ပျိုးရေရရှိခြင်းကြောင့် သုံးသီးစားစိုက်ပျိုးလာကာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် တောင်သူပညာပေးစံပြကွက်များ ဆောင်ရွက်မည်ဖြစ်သဖြင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တောင်သူတို့ လက်တွေ့ကျင့်သုံးလာစေခြင်းအားဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာပြီး လူမှုစီးပွားဘဝ မြင့်တက်လာစေရန် ရည်ရွယ်ချက်ဖြင့် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေကိုအကျိုးရှိစွာ အသုံးချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ မြိတ်မြို့တွင် ၄ ဒသမ ၀၅ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၉ လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

✿ ဓမ္မစေတီခေါင်းလောင်းကြီးမှ

"နွေရာသီဆိုရင် နုန်းတွေများတော့ အဆင်မပြေနိုင်ဘူး။ မိုးတွင်းက ရေငုပ်လို့ကောင်းတယ်၊ အဲဒါကြောင့် ဓမ္မစေတီခေါင်းလောင်းကြီး အမြန်ဆုံးပေါ်ရေးအတွက် ရေစီးအကြမ်းဆုံးရက်ကို ရွေးချယ်ရခြင်းဖြစ်ပါတယ်"ဟု ခေါင်းလောင်းကြီးဆယ်ယူရန် ရက်ရွေးချယ်ရခြင်းနှင့် ပတ်သက်၍ ၎င်းကဆိုသည်။

ခေါင်းလောင်းတည်နေရာနှင့်ပတ်သက်၍ သုတေသန စူးစမ်းရှာဖွေရေးလုပ်ငန်းများကို ဆယ်စုနှစ်တစ်ခုကျော် ပြုလုပ်ခဲ့ပြီး ရေငုပ်သမား ၁၀ ဦးအပါအဝင် အဖွဲ့ဝင် ၈၀ တို့ဖြင့် ဆယ်ယူရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တစ်ရက်လျှင် ကုန်ကျစရိတ် သိန်း ၆၀ ခန့်မှန်းထားကြောင်း သိရသည်။

ဓမ္မစေတီခေါင်းလောင်းကြီးကို ရွှေ၊ ငွေ၊ ကြေး၊ ဘော်၊ သတ္တုလေးမျိုးဖြင့် ထည့်သွင်းသွန်းလုပ်ခဲ့သည်။ လက်ရှိရေထဲတွင် အောက်သို့ ၄၅ ဒီဂရီစောင်းနေပြီး အဝမှာအပေါ်တွင်ရှိနေသော်လည်း နှစ်ပေါင်း ၄၀၀ ကျော် နစ်မြုပ်နေ၍ ပါဝင်သည့် သတ္တုတို့ ဓာတ်ပြုမှုကြောင့် ကြိုးတပ်ရန် ခေါင်းလောင်းတော်ကြီး၌ ကွင်းပင်မရှိတော့ဟုလည်း ဆယ်ယူရေးအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ဆယ်ယူပြီးပါက တပ်မတော်ရေတပ် ဧရာဝတီရေတပ်စခန်းဌာနချုပ် အမြောက်ကြီးနေရာမှ ကုန်းပေါ်သို့ဆွဲတင်ရန် စီစဉ်နေပြီး တွယ်ကပ်နေသော ချေးများကို ရှင်းလင်းမှုနှင့် အနုစိတ်ပြင်ဆင်မှုများကို သုံးလခန့် အချိန်ယူကာ ပြုလုပ်သွားမည်ဖြစ်သည်။ "နိုင်ငံတော်ရဲ့ အကူအညီလိုတဲ့အတွက် အစိုးရထံတင်ပြတောင်းခံသွားမည်" ဟုလည်း ခေါင်းလောင်းဆယ်ယူရေးတွင် ပါဝင်မည့် ပဲခူးမြို့ ရွှေအုန်းပင်စားသောက်ဆိုင်မှ ဦးဝင်းမြင့်က ပြောကြားသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံးခေါင်းလောင်းသည် မော်စကိုမြို့တွင်ရှိပြီး အလေးချိန် ၁၂၈ တန်ရှိရာ ဓမ္မစေတီခေါင်းလောင်းကြီးမှာ တန်ချိန် ၃၀၀ ဝန်းကျင်ခန့်ရှိသဖြင့် ဆယ်ယူပြီးပါက ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းအဖြစ် သတ်မှတ်ရပေမည်။ ကမ္ဘာ့တတိယအကြီးဆုံးခေါင်းလောင်းမှာ မင်းကွန်းခေါင်းလောင်းကြီးဖြစ်ပြီး ဘိုးတော်ဘုရားလက်ထက်တွင် သွန်းလုပ်ခဲ့သည်။ တန် ၈၀ ရှိသည်ဟု အင်္ဂလိပ်တို့က ခန့်မှန်းခဲ့ကြသည်။ ခေါင်းလောင်း၏အလေးချိန်မှာ ကြေးပိဿာ ၅၅၅၅၅ ရှိသဖြင့် ၎င်းကို တန်ဖွဲ့ပါက ၉၀ ဒသမ ၅၂ တန်ရှိသည်။ မော်စကိုမြို့ရှိ ခေါင်းလောင်းသည် ၁၈ ရာစုတွင် သွန်းလုပ်သော ခေါင်းလောင်းဖြစ်ပြီး ဓမ္မစေတီခေါင်းလောင်းမှာ အေဒီ ၁၅ ရာစုက သွန်းလုပ်ခဲ့သော ခေါင်းလောင်းဖြစ်သဖြင့် နှစ် ၃၀၀ ပို၍စောနေသည်ကို တွေ့ရှိရသည်။ ဖောက် ၁၂ တောင်ရှိ၍ ကြေးပိဿာချိန် ၁၈၀၀၀၀ (တန်ချိန် ၂၉၀) ဝန်းကျင်ရှိသည်။ ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် မော်စကိုမြို့ရှိ စာကိုလိုကော ခေါင်းလောင်းထက် မင်းကွန်းခေါင်းလောင်းတစ်ခုစာပို၍ ကြီးမားနေသည်ကို အံ့သြဖွယ်တွေ့ရှိရသည်။

ဓမ္မစေတီမင်းလက်ထက် အမတ်လေးဦးကို အိမ်အရေးအတွက် စာရင်းကောက်ရန် တာဝန်ပေးခဲ့ရာ အမတ်များက အိမ်စာရင်းသာမက အိမ်တိုင်းမှ ကြေးပိုပါကောက်ခံခဲ့ရာ ကြေးစင်တစ်သန်းနှင့် ရှစ်သိန်းရရှိခဲ့သည်။ မင်းကြီးက အမတ်လေးဦးကို အပြစ်ဒဏ်ပေးပြီး ကြေးများကို ကာယကံရှင်များအား ပြန်ပေးစေသည်။ ပိုင်ရှင်များက ပြန်မယူဘဲ မင်းကြီးသင့်တော်သလိုသာ အသုံးပြုရန် လျှောက်ထားသောကြောင့် ဓမ္မစေတီမင်းကြီးသည် ဤကြေးများဖြင့် အမတ်ကြီး ဗညားအိမ်ကို အကြီးအမှူးခန့်၍ ခေါင်းလောင်းသွန်းလုပ်စေသည်။ အခါပေးသည့်အတိုင်း တပေါင်းလဆန်း ၈ ရက် (ကြာသပတေးနေ့) သိဟ်လဂ်တွင် ပွဲကြီးသဘင်ပြု၍ ခေါင်းလောင်းကြီးကို ပြုလုပ်တော်မူသည်။ သို့သော် ခေါင်းလောင်းကြီးမှာ ထူးထူးခြားခြား အသံမမြည်ဘဲ ရှိခဲ့သည်။

မင်းကြီးလည်း ခေါင်းလောင်းကို "အပိန္နသော်"ဟု ဘွဲ့အမည်ပေးပြီး ရွှေတိဂုံရင်ပြင်တွင် ချိတ်ဆွဲထားခဲ့သည်။ ရွှေတိဂုံ စေတီသို့လှူဒါန်းသည့် ခေါင်းလောင်းများအနက် ပထမဆုံးခေါင်းလောင်းဖြစ်သည်။

ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းများအနက် ရှေးအကျဆုံးခေါင်းလောင်းဖြစ်သည်။ ကောဇာသက္ကရာဇ် ၈၃၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ရွှေတိဂုံရင်ပြင်တွင် ချိတ်ဆွဲလှူဒါန်းရေစက်ချတော်မူသည်။

ခရစ်သက္ကရာဇ် ၁၆၀၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တိုခေါ် ငဇင်ကာသည် ဓမ္မစေတီခေါင်းလောင်းကြီးကို အမြောက်သွန်းလုပ်ရန် တောင်ပေါ်မှ လှိမ့်ချ၍ မြစ်ကမ်းနားထိ ဆင်များဖြင့်ဆွဲကာ ပဇ္ဇန်တောင်ရေလက်ကြားတွင် ဖောင်ပေါ်သို့ တင်ခဲ့သည်။ ဖောင်ဖြင့် သန်လျင်သို့ သယ်ဆောင်စဉ် ပဲခူးမြစ်၊ ရန်ကုန်မြစ်နှင့် ငမိုးရိပ်ချောင်း သုံးသွယ်ဆုံစည်းရာတွင် ဖောင်ပျက်ပြီး ခေါင်းလောင်းကြီးမှာ ရေအောက်သို့ ကျသွားခဲ့ရာ နှစ်ပေါင်း ၄၀၀ နီးပါးရှိနေပြီဖြစ်ကြောင်း၊ ဆယ်ယူရေးအတွက် ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့သေးကြောင်း အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

(နန္ဒာဝင်း)

မကွေးအသင်း နှစ်ပွဲဆက်သရေကျ

ရန်ကုန် ဇူလိုင် ၂၅

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁၅) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ- တစ်ဂိုး (ကျော်ဇေယျာဝင်း)

မကွေး-တစ်ဂိုး (ကိုကိုနိုင်)

ပထမအကျော့အပြီးတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည့် မကွေးအသင်းမှာ ဒုတိယအကျော့တွင် ရလဒ်များ သိသိသာသာ ဆိုးရွားနေပြီး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးကာ နှစ်ပွဲဆက်သရေပွဲကြုံတွေ့ခဲ့သည်။ ယနေ့ပွဲတွင်လည်း နောက်မှလိုက်ကစားခဲ့ရပြီး ဒုတိယပိုင်းတွင် ချေပဂိုးသွင်းယူနိုင်ခဲ့၍သာ မကွေးတို့ သရေကျခဲ့ခြင်းဖြစ်သည်။

အမှတ်ပေး ဇယားထိပ်ပိုင်းမှ အသင်းနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ကမ္ဘောဇအသင်းအတွက် ဦးဆောင်ဂိုးကို ၃၅ မိနစ်တွင် ကျော်ဇေယျာဝင်းက သွင်းယူပေးခဲ့ပြီး မကွေးအတွက် ချေပဂိုးကို ၄၉ မိနစ်တွင် ကိုကိုနိုင်က သွင်းယူပေးခဲ့သည်။

(အောင်ဆန်းကွင်း)

ရာဝတီ- လေးဂိုး

(နန္ဒလင်းကျော်ချစ်- သုံးဂိုး၊ ဆာဆာ- တစ်ဂိုး)

Southern - တစ်ဂိုး (ရှိုတာဂို)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မနောမြေ - ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

ဇွဲကပင် - ချင်းယူနိုက်တက်

ရှိုင်းထက်ဇော်

မတ္တရာမြို့နယ်တွင် မော်ဘီ(၃)မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မန္တလေး ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် မျိုးကောင်းမျိုးသန့် အထူးအထွက်တိုး (MR-219) မော်ဘီ (၃)မျိုးစပါးများ စိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျိုးစပါးသည် အသက် ၁၃၅ ရက်ခန့်ရှိပြီး စိုက်နည်းစနစ်မှန်ကန်ပါက နွေစပါးစိုက်ပျိုးချိန်တွင် တစ်ဧကအထွက်နှုန်းမှာ တင်း ၁၅၀ မှ ၁၈၀ အထိ ထွက်ရှိကာ မိုးစပါးစိုက်ပျိုးချိန်တွင် တစ်ဧကအထွက်နှုန်းမှာ တင်း ၁၂၀ မှ ၁၅၀ အထိ ထွက်ရှိသည်။ အပင်မြင့်အနေဖြင့် ၂ ပေ ၆ လက်မမှ ၃ ပေ ၆ လက်မ၊ အနှံအနေဖြင့် ရှစ်ပင်မှ ကိုးပင်၊ အနှံအရှည် ၁၀ ဒသမ ၅ လက်မ၊ တစ်နှံပါသီးလုံး ၁၅၈ လုံးခန့်၊ အောင်စေ့အနေဖြင့် ၈၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ယင်းမျိုးစပါး၏ ထူးခြားချက်မှာ စပါးအထွက်နှုန်းကောင်းမွန်ပြီး အသက်လတ်စပါးမျိုးဖြစ်၍ ဆန်ရေဆန်သား လှပကာ ဆန်လုံးရှည်သဖြင့် စားသုံးမှုအပိုင်းတွင် အလွန်ကောင်းမွန်သည်။ ထို့အပြင် ရာသီမရွေးစိုက်ပျိုးနိုင်သဖြင့် တစ်ဧကအတွက် စိုက်ပျိုးမည်ဆိုလျှင် စိုက်နည်းစနစ် မှန်ကန်ပါက မျိုးစပါး ရှစ်ပြည်သာလိုအပ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့ အညီ တစ်ပြည်လုံးရှိ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့် အထူးအထွက်တိုးမျိုးစပါးတွေကို စိုက်ပျိုးကြမှသာ တောင်သူတွေရဲ့ဘဝ ယခုထက် ပိုမိုဝင်ငွေတိုးပြီး ဆင်းရဲမှုမှ ကင်းလွတ်နိုင်မှာပါ။ ဒါကြောင့် ကျွန်တော်အနေနဲ့ တောင်သူတွေအတွက် ဒီအထူးအထွက်တိုး (MR-219) မော်ဘီ (၃)မျိုးစပါးကို ထုတ်လုပ်ဖြန့်ချိနေတာပါ။ စပါးမျိုးရင်းဒေသက မလေးရှားနိုင်ငံကပါ။ ၂၀၀၅ ခုနှစ်မှာ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ သီးနှံမျိုးစေ့ကော်မတီ (N.S.C) မှာ မှတ်ပုံတင်ထားတယ်။ အထူးအထွက်တိုး မျိုးစပါးတွေ တောင်သူတွေလက်ထဲကို ဈေးနှုန်းသက်သာစွာနဲ့ ဖြန့်ဖြူးနိုင်အောင်၊ လက်ဝယ်အရောက် ရောက်ရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေတယ်။ နောက်တစ်ခုက တောင်သူတွေအနေနဲ့ သမားရိုးကျစိုက်တဲ့ နည်းစနစ်ကနေ သိပ္ပံနည်းကျစိုက်နည်းစနစ်သို့ ပြောင်းလဲဖို့ လိုအပ်နေတယ်။ ကျွန်တော်တို့အနေနဲ့ မျိုးစပါးထုတ်လုပ်ရောင်းချရုံတင် မဟုတ်ဘူး။ မျိုးစပါးနဲ့ ပတ်သက်တဲ့ စိုက်နည်းစနစ်ကိုလည်း အကြံပေးသွားမှာပါ။ ကျွန်တော်လည်း ကပိုင်ရွာအနီးမှာရှိတဲ့ မင်းဂံစိုက်ကွင်းမှာ စံပြစိုက်ကွင်းတစ်ခု စိုက်ပျိုးထားပါတယ်"ဟု မန္တလေးမြို့ ဇေယျခေ စပါးမျိုးသန့်ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေးမှ ဒေါက်တာမင်းမင်းဦးက ပြောကြားသည်။

ယခုအခါ ၎င်းမျိုးစပါးအား မတ္တရာမြို့နယ်တွင်သာမက စဉ့်ကိုင်၊ ကျောက်ဆည်၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်နှင့် ဒီပဲယင်းမြို့နယ်ရှိ တောင်သူများကလည်း အထွက်နှုန်းကောင်းမွန်သဖြင့် စိုက်ပျိုးလာကြပြီး ထွက်ရှိသော ဆန်များမှာလည်း ပြည်တွင်းဈေးကွက်မှာရော ပြည်ပဈေးကွက်မှာပါ ဈေးကောင်းရရှိကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

တရားမဝင် တမလန်းသစ်ခားရှေတုံးများ ရေတာရှည်မြို့နယ်တွင် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ရေတာရှည် ဇူလိုင် ၂၅

ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ဆပ်သွားကျေးရွာ သင်္ချိုင်းအနီးတွင် တရားမဝင် တမလန်းသစ်ခားရှေတုံးများ စုပုံထားကြောင်းသတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းအေး၊ တောအုပ်ကြီး ချစ်သိန်း၊ သာဂရဘိနယ်တာဝန်ခံ တောအုပ်သန်းဇော်ဝင်းနှင့် တာဝန်ရှိသူများသည် သာဂရနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီက သွားရောက်စစ်ဆေးခဲ့ရာ သင်္ချိုင်းအနီးတောစပ်ထဲတွင် နေရာနှစ်ခုခွဲကာပုံထားသည့် တမလန်းသစ်ခားရှေတုံး ၅၅ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ အဆိုပါသိမ်းဆည်းရမိသည့် တမလန်းသစ်များအား သာဂရဘိနယ်သစ်တောရုံးတွင် ထိန်းသိမ်းထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

သင်္ချိုင်းမြေကို ကျူးကျော်ဝင်ရောက်ဖျက်ဆီးသူအား အရေးယူ

တိုက်ကြီး ဇူလိုင် ၂၅

တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာအုပ်စု လယ်မြေကွင်းအမှတ် (၇၆၁) ဦးပိုင်အမှတ် (၆၂) အတွင်း မြေတစ်ဧကကျော်ခန့်အား လွန်ခဲ့သော နှစ် ၁၀၀ခန့်မှစ၍ သနပ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ကျောင်းစုကျေးရွာနှင့် မြို့ကွက်ကျေးရွာတို့မှ သင်္ချိုင်းမြေအဖြစ် အသုံးပြုလာခဲ့ကြကြောင်း၊ လွန်ခဲ့သော တစ်ပတ်ခန့်က အာကာထွန်း(စုံစမ်းဆဲ) မှ ၎င်းဝယ်ယူထားသော မြေကွက်နှင့် ထိစပ်နေသည့် သင်္ချိုင်းမြေအတွင်းသို့ ဝင်ရောက်ကာ သင်္ချိုင်းမြေထက်ဝက်ခန့်အတွင်းရှိ မြေပုံဟောင်းများအား တူးဖော်၍ အပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်း၊ အပင်စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ သင်္ချိုင်းမြေအား ကျူးကျော်ဖျက်ဆီးသူ အာကာထွန်းကို အရေးယူပေးရန် ကျောင်းစုကျေးရွာနေ ရွာသူ ရွာသားများကိုယ်စား ဦးလှမင်း၏ တိုင်တန်းချက်အရ တိုက်ကြီးမြို့မရဲစခန်းက (ပ) ၂၆၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၉၇ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

မြန်မာ့ဈေးကွက်အတွင်းသို့ စင်ကာပူကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုတိုးလာ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအဖွဲ့က ဦးဆောင်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်အရ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒုတိယအဆင့်အရ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့်အရ အုပ်ချုပ်စီမံမှု၊ ပြုပြင်ပြောင်းလဲမှုနှင့် စတုတ္ထအဆင့်အရ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုဟူ၍ တွေ့ရှိရသည်။

စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး မူဘောင်ကိုရေးဆွဲချမှတ်ခဲ့ပြီး နယ်ပယ်ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူများ အလျင်အမြန် အကျိုးကျေးဇူးရရှိခံစားနိုင်စေမည့် နယ်ပယ်ကဏ္ဍများကို အထူးဦးစားပေးသည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဖြေလျှော့ပေးလျက်ရှိပြီး စီးပွားရေးနှင့် လူမှုရေး၊ ပြုပြင်ပြောင်းလဲရေးမူဘောင်တွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များကို ထည့်သွင်းထားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားတိုးတက်လာရန် လိုအပ်သည်။

နိုင်ငံတော်၏ စီးပွားရေးတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု အများဆုံးဖြစ်သဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရအဖွဲ့က အလေးပေးလျက်ရှိသည်။

"အမျိုးသားဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံးပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်မှု၏နှုန်းကို ၉ ဒသမ ၁ ရာခိုင်နှုန်းခန့်မှန်းထားပြီး ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားကြောင်း" ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်မြို့၌ ဇူလိုင် ၂၃ ရက်က ကျင်းပသော Tat Hong Intraco Heavy Equipment Co.,Ltd. ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ **(ယာပုံ)**

ယင်းကုမ္ပဏီသည် စင်ကာပူအခြေစိုက် Tat Hong Holding Ltd. နှင့် INTRACO Limited တို့ပါဝင်သော ဖက်စပ်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင် ဦးအောင်မိုးကျော်တို့ အသစ်ထူထောင်လိုက်သော ကုမ္ပဏီဖြစ်သည်။ Crawler Crane၊ Rough Terrain Crane၊ All Terrain Crane၊ Hydraulic Track နှင့် Tower Crane တို့ဖြစ်သော Terrain ကရိန်းအမျိုးမျိုးကို ငှားရမ်းပေးခြင်းနှင့် ဖြန့်ချိခြင်းတို့ ပြုလုပ်မည်ဖြစ်ပြီး လိုအပ်ပါက ကရိန်းအော်ပရေတာ (ကရိန်းမောင်းသူ) များရရှိရန် စီစဉ်ပေးမည်ဟုဆိုသည်။

ကနဦးရည်မှန်းချက်မှာ Crawler Crane များကို ငှားရမ်းပေးရန်နှင့် Tower Crane များကို ရောင်းချပေးရန်ဖြစ်ပြီး လတ်တလောတွင် ၅၅ တန်မှ တန် ၁၀၀ အထိ မ နိုင်စွမ်းရှိသော Crawler Crane အသစ်ခုနစ်စီး ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

ဆောက်လုပ်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်း၊ အခြေခံအဆောက်အအုံ၊ ရေနံနှင့်ဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် သဘာဝအရင်းအမြစ် တူးဖော်ထုတ်လုပ်မှုစသည့် လုပ်ငန်းနယ်ပယ်များအတွက် ဝန်ဆောင်မှုများပေးမည်ဟု သိရသည်။

ပွင့်လင်းလာသော မြန်မာ့ဈေးကွက်အတွင်းသို့ စင်ကာပူကုမ္ပဏီများ တိုးတက်ဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံမှုများကို ချဲ့ထွင်နေချိန်တွင် မြန်မာ-စင်ကာပူ ဖက်စပ်ကုမ္ပဏီသစ်ပေါ်ထွန်းလာခြင်းဖြစ်သည်။

(သတင်းလုလင်)

ရထားလမ်းပေါ်တွင် အိပ်ပျော်နေသူ အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်း ဇူလိုင် ၂၃ ရက်ညပိုင်းက ရထားလမ်းပေါ်တွင် အိပ်ပျော်နေသူ အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် တညင်းကုန်းဘူတာနှင့် အောင်ဆန်းဘူတာကြား မိုင်တိုင်အမှတ် (၁၁/၂၃) နှင့် (၁၁/၂၄) ကြား မီးရထားသံလမ်းတွင် အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးကြောင်း သတင်းအရ ဇူလိုင် ၂၃ ရက် ည ၇ နာရီခွဲက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာအင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ကိုဝေဖြိုးအောင် (၂၅) နှစ်ဖြစ်ကြောင်းသိရပြီး ၎င်းသည် အရက်မူးပြီး ရထားသံလမ်းပေါ်၌ အိပ်ပျော်နေစဉ် လှော်ကားဘက်မှအင်းစိန်ဘက်သို့ မောင်းနှင်လာသော မြို့ပတ်ရထားမှ ကြိတ်မိသဖြင့် ဦးခေါင်း၊ ဝဲခြေထောက်နှင့် ဝမ်းဗိုက်တို့တွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၄၆/၂၀၁၄) ဖြင့် ရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဒင်နှင့် အထောက်အကူပြုဥက္ကဋ္ဌ ဦးစန်းရှိန်တို့၏ဦးဆောင်မှုဖြင့် (က) ရပ်ကွက်လုံးဆိုင်ရာ(အဖြူရောင်)အခမဲ့နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အသင်းသားများစုပေါင်း၍ ဇူလိုင် ၂၀ ရက်က ရပ်ကွက်အတွင်းရှိ အမက(၄) နှင့် အမက (၂၆) ကျောင်းတို့တွင် သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် ခြင်ဆေးအခမဲ့ပက်ဖျန်းပေးကြစဉ်။ **(ကြေးမုံ)**

ငါးဖမ်းပိုက်ဖော်ရာမှ ရေနစ်သေဆုံး

ကျောက်တန်း ဇူလိုင် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာအုပ်စု ကမာပိုင်းကွင်းနေ လယ်သမားကြီး ဦးဝင်ကျော်ယု၏ တဲတွင် စာရင်းငှားလုပ်ကိုင်သူ အသက်(၃၉) နှစ်ရှိ ဇော်နိုင်ဦးသည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက လယ်ကွင်းထဲတွင် ထောင်ထားသော ငါးဖမ်းပိုက်သွားရောက်ဖော်ယူရာမှ ရေနစ်သေဆုံးသွားသဖြင့် တံတားမြို့ရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းထွန်းဝေက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၄ ဖြင့် အမှုဖွင့်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းများ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၄)ဆင်း

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော အဓိကရုဏ်းနှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းများကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၄) ဆင်းပွဲအား ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းဝင်းက"ယနေ့မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးရယူနေကြရသော ရဲတပ်ဖွဲ့ဝင်များ အရေးပေါ်အခြေအနေ၊ လူစုလူဝေးများဖြင့် တိုင်းပြည်၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးတွင် ဟန့်တားနှောင့်ယှက်သူများ၊ အဓိကရုဏ်းကိစ္စရပ်များတွင် ရင်ဆိုင်ကြုံတွေ့လာရသည့် အခြေအနေများတွင် နှိမ်နင်းရေးသုံး လက်နက်၊ ခဲယမ်းများ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်ကြစေရန် ရည်ရွယ်၍ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း" ပြောကြားသည်။

သင်တန်းသို့ နေပြည်တော် ရဲတပ်ဖွဲ့လက်အောက်ခံ တပ်ဖွဲ့များမှ သင်တန်းသား ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

လူပျောက်ကြေငြာ



တဖက်ပါဓာတ်ပုံရှင် ဦးလှငွေ အသက်(၅၉)နှစ် မှတ်ပုံတင်အမှတ်[၇/ပခန(နိုင်)၁၇၈၅၂၅] အရပ် ၅ပေ ၇လက်မခန့်အသားဖြူ မျက်နှာသွယ်သည် ၂၄-၇-၂၀၁၄ ရက် နံနက် ၁၁း၃၀ နာရီခန့် အချိန် ကမ္ဘာအေးဘုရားလမ်းတွင် အလုပ်မှအပြင်သို့ထွက်ခွာသွားရာ ပြန်လည်မရောက်ရှိလာပါသဖြင့် တွေ့ရှိသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ Contact Us: 09-91053301, 09-422202005, 09-5228264, 09-5006422, 09-5043487

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက်အမှတ်-၇၉၃၊ ပေ(၄၀×၆၀)၊ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဦးခင်ဇော်(KPU-၀၁၆၂၄၈)ပိုင်ဆိုင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးဇေယျာကျော်
[၁၂/ခရန(နိုင်)၀၁၀၁၂၁]
ဖုန်း-၇၃၁၉၉၃၇၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁)	Online UPS	1 Lot
(၂)	Fiber Converter(WDM)	20 Sets
(၃)	ADSL System (DSLAM & Accessories)	1 Lot
(၄)	Switches	1 Lot
(၅)	Servers	1 Lot
(၆)	Generator Spare Parts and Accessories	1 Lot
(၇)	Computers	1 Lot
(၈)	Laser Jet Printer & Toner Cartridge	3 Nos
(၉)	Wireless Router	5 Nos
(၁၀)	Furniture	1 Lot

၂။ တင်ဒါပိတ်ရက်နှင့် အချိန်မှာ ၆-၈-၂၀၁၄ ရက် ၁၃ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ (၈)မိုင်လမ်းဆုံ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၀၄၀၃/၀၁-၆၅၀၄၀၄

ဦးကြည်မောင်(ခ)ဦးတင်ညွန့်(PGN-၀၉၅၀၂၇)နှင့် အများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ဇေယျသိဒ်ရပ်ရှိ အရှေ့ဘက်-ဦးမြသောင်း၊ အနောက်ဘက်-ဦးသိန်းဝင်း၊ တောင်ဘက်-သော်ကလမ်း၊ မြောက်ဘက် ဦးထွန်းလွင်၊ ယင်းနယ်လေးရပ်အတွင်းရှိ အကွက်အမှတ်(၂၃)၊ ဇေယျသိဒ်ကွင်း၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(၀. ၁၁၀)ဧကရှိ အိမ်ဝိုင်းမြေကို ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂)၊ မေတ္တာလမ်း၊ အိမ်အမှတ်(၇၁၂)နေ ဦးသန်းထွေးမှ နှစ်ဦးနှစ်ဖက်သဘောတူ မြေအရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ၂၃-၁၀-၁၉၉၈ တွင် လူကြီးမင်းထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွေးသည် ဝယ်ယူထားသော အိမ်ဝိုင်းမြေအား သက်ဆိုင်ရာရုံး၊ ဌာနတို့တွင် မိမိအမည်ဖြင့် ဦးပိုင်အမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဦးပိုင်အမည်ပေါက်စေရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှကို H.G.P,LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၁၀)
အနောက်ဈေးတန်းရပ်၊ ညောင်ဦးမြို့။

iHeartRadio ဂီတပွဲတော်တွင် တေလာဆွတ်ဖ်ပါဝင်ဖျော်ဖြေမည်

နှစ်စဉ် စက်တင်ဘာလရောက်တိုင်း ကျင်းပနေကျဖြစ်သည့် iHeartRadio ဂီတပွဲတော်တွင် တေးသံရှင်တေလာဆွတ်ဖ်၊ One Direction၊ Coldplay နှင့် အခြားသော လူငယ်ဂီတကြယ်ပွင့်များပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်များတွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့ MGM Grand Garden Arena ၌ ကျင်းပမည့် အဆိုပါဂီတဖျော်ဖြေပွဲတွင် ကမ္ဘာ့ဂီတကြယ်ပွင့်များစွာလည်း ပါဝင်ကြမည်ဖြစ်ကာ လက်မှတ်များကို ဇူလိုင် ၂၆ ရက်တွင် စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

iHeartRadio ဂီတပွဲတော်ကို ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုနှစ်သည် လေးကြိမ်မြောက်ဖြစ်ကာ ဖျော်ဖြေပွဲအစီအစဉ်များကို Clear Channel ရေဒီယိုအသံလွှင့်ဌာနမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သူငယ်ချင်းများဖြင့် အောင်မြင်စွာကျင်းပခဲ့သည့် ဆီလီနာဂိုမက်ဇ်၏ မွေးနေ့ပွဲ

အမေရိကန်မင်းသမီးနှင့် တေးသံရှင်တစ်ဦးဖြစ်သူ ဆီလီနာဂိုမက်ဇ်က ဇူလိုင် ၂၂ ရက်တွင် ၎င်း၏ (၂၂)နှစ်ပြည့် မွေးနေ့ပွဲအခမ်းအနားကို သူငယ်ချင်းများဖြင့်သာ ကျင်းပခဲ့ပြီး "မွေးနေ့ပွဲက အကောင်းဆုံးဖြစ်ခဲ့ပါတယ်၊ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြတဲ့ သူငယ်ချင်းအားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

Spring Breakers ဇာတ်ကားမှ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂိုမက်ဇ်အနေဖြင့် လွန်ခဲ့သည့်နှစ်အနည်းငယ်က စိတ်မသက်သာမှုများနှင့်ကြုံတွေ့ခဲ့ရပြီး ဖေဖော်ဝါရီလအတွင်းကလည်း အရီဇိုးနားရှိ လူငယ်ပြန်လည်ထူထောင်ရေးစင်တာတွင် နှစ်ပတ်ကြာနေထိုင်ခဲ့ရသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

ဆီလီနာဂိုမက်သည် ၎င်း၏ မွေးနေ့ပွဲကို ပြင်သစ်နိုင်ငံ၌ သူငယ်ချင်းများနှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်ပြီး မွေးနေ့ပွဲဓာတ်ပုံများကို ၎င်း၏ Instagram တွင် လွှင့်တင်ခဲ့သည်။

ဂိုမက်ဇ်သည် ယခုနှစ်အစောပိုင်းက ထွက်ရှိခဲ့သည့် Rudderless ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထွက်ရှိမည့် Hotel Transylvania 2 အန်နီမေးရှင်းဇာတ်ကားတွင် ဟိုတယ်ပိုင်ရှင် ဗင်ပိုင်းယားဒရက်ကူလာ၏ သမီးဖြစ်သူ မာဗစ်နေရာတွင် အသံသရုပ်ဆောင်အဖြစ် ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

တာဝန်ယူမှုရှိသော လူမှုကွန်ရက်မီဒီယာဖြစ်မှသာ အဆင့်အတန်းရှိသော လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲနိုင်

၂၀၁၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုသူပေါင်း ၂ ဒသမ ၇ ဘီလီယံခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အင်တာနက်သုံးစွဲသူ သုံးဆခန့် မြင့်တက်လာသည်။ မြန်မာနိုင်ငံတွင် တယ်လီဖုန်းဆက်သွယ်ရေး သိပ်သည်းဆ ၁၂ ရာခိုင်နှုန်းရှိပြီး အင်တာနက်သုံးစွဲမှု ၅ ရာခိုင်နှုန်းခန့်ရှိကာ အင်တာနက်သုံးစွဲသူ သုံးသန်းခန့်အနက် ဖေ့စ်ဘုတ် စာမျက်နှာသုံးစွဲသူ နှစ်သန်းနီးပါး ရှိသည်။ မိုဘိုင်းဖုန်းနှင့် ဆက်စပ်သုံးစွဲနိုင်မှု ပိုမိုများပြားလာသည်နှင့် တစ်ပြိုင်နက် အင်တာနက်သုံးစွဲမှု မြင့်မားလာပြီး လူမှုကွန်ရက်မီဒီယာ သုံးစွဲမှုများ မြင့်မားလာကာ အလွဲသုံးမှုများလည်း ပါဝင်လာသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုဖြစ်ထွန်းလာစေရန် မလိုလားအပ်သော ပဋိပက္ခများကို ရှောင်ရှားနိုင်စေရန် နိုင်ငံတော်သမ္မတရုံး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် နည်းပညာဆိုင်ရာ ပြည်တွင်းပြည်ပ ပညာရှင်များ၊ မီဒီယာနယ်ပယ်မှတာဝန်ရှိသူများ ပူးပေါင်းကျင်းပသော လူမှုတာဝန်သိတတ်သော မီဒီယာဆိုင်ရာဆွေးနွေးပွဲ (Community Forum on Responsible Social Media in Myanmar) ကို ရန်ကုန်မြို့ MICT Park တွင် ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့ပြီး The Asia Foundation, Google, Facebook, Twitter,Deloitte တို့မှ ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကာ တက်ရောက်လာသူများ၏ ဆွေးနွေးပွဲနှင့် ပတ်သက်သော ပြောကြားချက်များကို တင်ပြလိုက်ရပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က "လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ ဖေ့စ်ဘုတ်သုံးစွဲရာမှာ လူမှုဆက်သွယ်ရေး ရည်ရွယ်ချက်အပြင် စီးပွားရေးကိစ္စတွေ၊ နိုင်ငံရေးကိစ္စတွေပါ ဆွေးနွေးအသုံးပြုလာပြီး လူမှုကွန်ရက်မီဒီယာအဆင့်ထက်ကိုကျော်ပြီး Citizen Media အဆင့်လောက်ထိ ရောက်လာပါတယ်။ အဲဒီမှာ အကျိုးရှိအောင် သုံးနိုင်သူတွေ အများကြီးတွေ့သလို အဆင်မပြေတာတွေလည်း တွေ့ပါတယ်။ သုံးစွဲတဲ့သူတွေ အချင်းချင်းကြားထဲမှာကို စနစ်တကျ သုံးစွဲဖို့ဆိုတာတွေ ဖြစ်လာပါတယ်။

နောက်တစ်ချက်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မထိခိုက်ဘဲ ကျင့်ဝတ်နဲ့ညီတဲ့ တာဝန်ယူမှုရှိတဲ့ လူမှုကွန်ရက်မီဒီယာများဖြစ်အောင် ဘယ်လိုလုပ်ကြရမယ်ဆိုတာ အတွေ့အကြုံရှိတဲ့ Google၊ Twitter ဖေ့စ်ဘုတ်တို့လို ကာယကံရှင်တွေကိုခေါ်ပြီး သူတို့နိုင်ငံတွေမှာ Expression of Interest ကို မထိခိုက်စေဘဲ ဘယ်လိုဆောင်ရွက်တယ်၊ ကိုယ့်နိုင်ငံမှာလည်း လေ့လာထားတဲ့အချက်တွေနဲ့ ဘယ်လိုကိုက်ညီအောင် သုံးမယ်၊ ဒီကပညာရှင်တွေ ဝင်ဆွေးနွေးတာကိုလည်း နားထောင်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာထက် ဘယ်လိုလုပ်ကြမယ်ဆိုပြီး လူထုပါဝင် ပေါင်းစပ်အဖြေရှာကြတာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့်အပိုင်းတွေ ပါလာရင်လည်း ဝင်ရောက်ဆွေးနွေးပြီး အစိုးရက ဆောင်ရွက်တယ်ဆိုပေမယ့် နိုင်ငံအတွက် လိုအပ်တယ်ဆိုရင် လူထုကတောင်းဆိုတာကို ဖြည့်ဆည်းဆောင်ရွက်ပေးတာလည်း ဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

Deloitte Consulting မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးဒါရိုက်တာ ဦးချစ်ထွန်းဖေက "လူမှုကွန်ရက်မီဒီယာမှာ အသုံးအများဆုံးဖြစ်တဲ့ ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာကနေ အမုန်းစကားများ ဖန်တီးပြောဆိုပြီး လူမှုရေးပြဿနာများအဖြစ် ပုံဖော်နေကြတာ နိုင်ငံတော်တော်များများမှာ ရှိပါတယ်။ နည်းပညာတိုးတက်လာတာနဲ့အမျှ အလွဲသုံးမှုတွေလည်း နေရာတိုင်းမှာရှိနေပြီး ဒါတွေကို အစိုးရပိုင်းက မူဝါဒဥပဒေတွေနဲ့ ထိန်းကျောင်းသင့်တာတွေ၊ နည်းပညာဆိုင်ရာ ပညာရှင်ပိုင်းက အကြံပေးမှုတွေကို ပေါင်းစပ်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မထိပါးဘဲ ကျင့်ဝတ်စောင့်ထိန်းပြောဆိုတဲ့ အလေ့အကျင့်ကောင်းတွေ ရရှိအောင် ဆွေးနွေးအဖြေရှာကြတာ ဖြစ်ပါတယ်။ ဥပမာ ဖေ့စ်ဘုတ်လို လူမှုကွန်ရက်မီဒီယာတွေမှာ တရားလက်လွတ်

စံကားဝါ

ပြောကြတဲ့အပေါ် ကိုယ်ကိုယ်တိုင် ဒီလူကို အပြင်မှာတွေ့ရင် ဒီလိုပြောပါ့မလားဆိုတဲ့ ဝေဖန်ဆန်းစစ်မှုတွေ ပိုဖြစ်လာဖို့ လိုပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီကနေ ဒီလိုကျင့်ဝတ်စောင့်ထိန်းမှုတွေ လုပ်လာကြရင် စည်းမျဉ်း၊ ဥပဒေကန့်သတ်မှုတွေ မပါဘဲ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာမှာဖြစ်ပါတယ်။ အားလုံးလက်ခံတဲ့ ကျင့်ဝတ်စောင့်ထိန်းမှုတွေ၊ အလေ့အကျင့်ကောင်းတွေဖြစ်ထွန်းလာဖို့ ဒီလိုဆွေးနွေးအဖြေရှာခြင်းက အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဆွေးနွေးမှုတွေမှာ အပြောသက်သက်မဟုတ်ဘဲ အချက်အလက် မှတ်တမ်းမှတ်ရာတွေနဲ့ ရှေ့ဆက်လုပ်ကိုင်သွားမှာဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးမှုမှာ နိုင်ငံတကာကဏ္ဍ၊ လူမှုမီဒီယာနဲ့ ပတ်သက်တဲ့ စိန်ခေါ်မှု၊ အနာဂတ် အလားအလာဆိုင်ရာ ဆွေးနွေးအကြံပြုချက်တွေပါ ပါဝင်မှာဖြစ်ပါတယ်။ နည်းပညာတိုးတက်လာမှုမှာ ကောင်းကျိုးနဲ့ ဆိုးကျိုးတွေ ယှဉ်တွဲဖြစ်ပေါ်နေပြီး နိုင်ငံတကာမှာလည်း ဖေ့စ်ဘုတ်ကတစ်ဆင့် မှုခင်းတွေ ဖော်ထုတ်တာ၊ လူပျောက်ရှာတာ၊ စီးပွားရေးလုပ်ကြတာတွေ ရှိပါတယ်။ ဒီလိုကောင်းကျိုးတွေအတွက် ဘယ်လိုပါဝင်ရမယ်ဆိုတာကိုသိပြီး ရင့်ကျက်တည်ငြိမ်ပြီး အဆင့်အတန်းရှိတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲလေ့ကျင့်ယူရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

လူမှုကွန်ရက်မီဒီယာ သုံးစွဲသူများအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တန်ဖိုးထားကာ တစ်ဦးနှင့်တစ်ဦးကြား၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြား စောင့်ထိန်းလိုက်နာသင့်သော ကျင့်ဝတ်၊ စည်းကမ်းများကို အလေးထားပြီး တာဝန်ယူမှုရှိသော အပြောအဆို၊ အသုံးအနှုန်းများဖြင့် ရင့်ကျက်တည်ငြိမ်ပြီး အဆင့်အတန်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလေ့ကျင့်သွားရန် ထပ်လောင်းဆန္ဒပြုအပ်ပါကြောင်း။ ။





ပရဟိတကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ(ဘ/က)(လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေး၊ ဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါးကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိကျောင်းသား/ကျောင်းသူကလေးပေါင်း(၂၇၀)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၃)နှစ်တာခရီးတိုင်အောင်ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင် စသောအကြောင်းများကြောင့် လိုအပ်ချက်များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်စသည်များကို လိုအပ်ခြင်း၊ ကျောင်းသူမိန်းကလေး အိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများလိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။သို့ဖြစ်၍စေတနာရှင်ပြည်သူများသည် ဤကျောင်းရှိကလေးများအား မိမိတို့၏သားသမီးပမာကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံနှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၂၅၃၃၉၀၆၇

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ (၂၇)လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော်၊ **Alpine** သောက်ရေသန့်ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀။

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

၂၀၁၃ ခုနှစ်အတွက်တစ်နှစ်တာအကောင်းဆုံးဆုများချီးမြှင့်ပွဲကို ဇူလိုင်လ နောက်ဆုံးပတ်တွင်ကျင်းပရန် MFF စီစဉ်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် MFF သည် ၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို လာမည့် ဇူလိုင်လ နောက်ဆုံးပတ်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ MFF မှာ ယခုနှစ်အတွက် ထူးချွန်ဆုအရေအတွက်များစွာ ပေးအပ်ချီးမြှင့်ရန် စီစဉ်ထားပြီး ယမန်နှစ်က ပေးအပ်ချီးမြှင့်ခဲ့သည့် ဆုအမျိုးအစားများအပြင် အကောင်းဆုံးအမျိုးသားကစားသမား သုံးဦး၊ အကောင်းဆုံးအမျိုးသမီးကစားသမား သုံးဦးနှင့် အကောင်းဆုံး လူငယ်ကစားသမားဆုတို့ကိုပါ ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် အသန့်ရှင်းဆုံးအသင်းဆု၊ အကောင်းဆုံး ဒိုင်လူကြီးဆုနှင့် MNL ပြိုင်ပွဲ၏ ဂိုးသွင်းဘုရင်ဆုတို့ကိုပါ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သလို မြန်မာနေရှင်နယ်လိဂ် ချန်ပီယံ၊ ရှုံးထွက်ချန်ပီယံနှင့် လူငယ်ပြိုင်ပွဲမှ ချန်ပီယံဖြစ်မည့် အသင်းတို့ကိုပါ ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် အတွက် MNL ဂိုးသွင်းဘုရင်ဆုကို ရန်ကုန်ယူနိုက်တက်အသင်း၏ ဘရာဇီးတိုက်စစ်မှူး ဆီဇာကရရှိမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ် ချန်ပီယံအဖြစ် ရန်ကုန်ယူနိုက်တက်အသင်း၊ ရှုံးထွက်ချန်ပီယံအဖြစ် ကမ္ဘောဇအသင်းတို့က ဆုချီးမြှင့်ခြင်းခံရမည်ဖြစ်သည်။ ယင်းဆုပေးပွဲကို ယခုနှစ်အစောပိုင်းကတည်းက ကျင်းပရန်စီစဉ်ခဲ့သော်လည်းမြန်မာ့လက်ရွေးစင် အသင်းနှင့် သက်တမ်းအလိုက်ပြိုင်ပွဲများယှဉ်ပြိုင်နေချိန်ဖြစ်သောကြောင့် ဇူလိုင်လ နောက်ဆုံးပတ်မှသာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း MFF မှထုတ်ပြန်ကြေညာခဲ့သည်။ **[ရဲစွမ်း]**

ဖိလစ်ပိုင်ဖိတ်ခေါ်ဖလားပြိုင်ပွဲကို မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယခုနှစ်အတွင်း လာအိုနိုင်ငံ၌ ကျင်းပမည့် ဆူဇူကီးဖလားခြေစစ်ပွဲ ဝင်ရောက်မယှဉ်ပြိုင်မီ ကြိုတင်ပြင်ဆင်မှု တစ်ရပ်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် Philippines Peace Cup ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။ ယင်းပြိုင်ပွဲနှစ်ရပ်အတွက် လာမည့် စက်တင်ဘာလမှစတင်ကာ မြန်မာ့လက်ရွေးစင်အသင်းကို စတင်ဖွဲ့စည်းမည်ဖြစ်ပြီး ဖိလစ်ပိုင်ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာအသင်းအပြင်အခြား အာဆီယံထိပ်သီးအသင်းအချို့လည်း ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာအသင်းမှာ ဆူဇူကီးဖလားခြေစစ်ပွဲစဉ်များမတိုင်မီ ပြင်ဆင်မှုအနေနှင့် ယင်းပြိုင်ပွဲတစ်ခုကိုသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး အခြားအာဆီယံဒေသတွင်း အသင်းများနှင့် ခြေစမ်းရန် ကမ်းလှမ်းခဲ့သော်လည်း မဖြစ်မြောက်ခဲ့သဖြင့် မည်သည့်ခြေစမ်းပွဲကိုမျှ ကစားဖြစ်တော့မည် မဟုတ်ကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ အာရှအရှေ့အလယ်ပိုင်းအသင်းများနှင့် ခြေစမ်းကစားရန် စီစဉ်ထားသော်လည်း ဆူဇူကီးဖလားခြေစစ်ပွဲစဉ်များပြီးဆုံးချိန်မှသာ ကစားနိုင်ဖွယ်ရှိနေသည်။ **[ရဲစွမ်း]**

■

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ် နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ပြီ

အသက်(၃၆)နှစ်ရှိပြီဖြစ်သည့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ဘာစီလိုနာတိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဗီလာရှိရာ နယူးယောက်စီးတီးအသင်းသို့ တစ်ပတ်လုပ်ခလစာ ယူရို ၁၁၃၀၀၀ ဖြင့် နှစ်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရခြင်းနှင့်ပတ်သက်၍ အလွန်စိတ်လှုပ်ရှားမိကြောင်းနှင့် လက်ရှိအချိန်သည် မိမိအတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ပြောကြားခဲ့သည်။

ဖရန့်လမ်းပတ်သည် ချယ်လ်ဆီးအသင်း၌ ၁၃ နှစ်ကြာကစားခဲ့သူဖြစ်ပြီး နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြီးခဲ့သည့်ရာသီကတည်းက သဘောတူထားခြင်းဖြစ်ကြောင်းလည်း သိရသည်။ လမ်းပတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနှင့် ၂၆ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် အသက်အရွယ်ကြီးပြီဟုဆိုသော်လည်း အကောင်းဆုံးကစားနိုင်စွမ်းရှိနေသေးခြင်းကြောင့် နယူးယောက်စီးတီးအသင်းကခေါ်ယူခဲ့ခြင်းဖြစ်ပြီးနယူးယောက်စီးတီးအသင်းသည် ဘာစီလိုနာကစားသမား ဇာဗီကိုလည်း ခေါ်ယူရန်မျှော်လင့်ထားကြောင်း သိရသည်။ သို့ရာတွင် ဘာစီလိုနာကွင်းလယ်ကစားသမား ဇာဗီသည် နူကမ့်၌သာ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ **[ငွေကြယ်]**

ဒဏ်ရာရကစားသမားအန်ဒီကာရိုး ဝက်စ်ဟမ်းအသင်းအတွက် ရာသီအစလွဲချော်မည်

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်မှူး အန်ဒီကာရိုးသည် ဝက်စ်ဟမ်းအသင်း၏ ရာသီအကြို ခရီးစဉ်ဖြစ်သည့် နယူးဇီလန်ခရီးစဉ်တွင် ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်း၏ ရာသီအစပွဲစဉ်များနှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူးအန်ဒီကာရိုးသည် လီဗာပူးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ အငှားချထားခြင်းခံခဲ့ရပြီးနောက် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဝက်စ်ဟမ်းအသင်းသို့ အပြီးပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်ဘောလုံးရာသီတစ်ရာသီလုံးနီးပါး ဒဏ်ရာ ပြဿနာကြုံခဲ့ရခြင်းကြောင့် နည်းပြ ဆမ်အယ်လ် လာဒိုစီ၏ ဝက်စ်ဟမ်းအသင်းအတွက် ၁၆ ပွဲသာပါဝင်ကစားပေးနိုင်ခဲ့သည်။ ထိုသို့ တိုက်စစ်မှူး အန်ဒီကာရိုးဒဏ်ရာ ပြဿနာကြုံခဲ့ရခြင်းကြောင့် ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့်(၁၃)နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဝက်စ်ဟမ်းအသင်းသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အဆိုပါပွဲစဉ်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူးအန်ဒီကာရိုးပါဝင်နိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။ **[ငွေကြယ်]**

မန်စီးတီး တိုက်စစ်မှူး နီဂရီဒို သုံးလခန့်အနားယူရမည်



မန်စီးတီးအသင်း၏ စပိန်တိုက်စစ်မှူး နီဂရီဒိုသည် စကော့တလန်ကလပ် ဟတ်စ်အသင်းနှင့် ကစားခဲ့သော ရာသီကြိုခြေစမ်းပွဲစဉ်တွင် ခြေချောင်းရိုးကျိုး ဒဏ်ရာရရှိခဲ့သဖြင့် သုံးလခန့်အနားယူရတော့မည်ဖြစ်ကြောင်းသိရသည်။ နီဂရီဒိုမှာ ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်ကလပ် ဆီဗီလာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းတွင်ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိသလို ပုံမှန်ပွဲထွက်ခွင့်ရရှိရန်ရုန်းကန်ခဲ့ရသည်။ ထို့ကြောင့် ၎င်းမှာ မန်စီးတီးအသင်းတွင်မပျော်မရွှင်ဖြစ်နေပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် စပိန်မြေသို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်နေခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နီဂရီဒိုအား စပိန်လာလီဂါကလပ် အက်သလက်တီကို အသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း လက်ရှိအချိန်တွင် ၎င်းမှာဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည့်အတွက် ယင်းအပြောင်းအရွှေ့မှာ ဖြစ်မြောက်နိုင်ဖွယ်မရှိတော့ကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။ ဒဏ်ရာရရှိခဲ့ခြင်းနှင့်ပတ်သတ်၍ နီဂရီဒိုက "လာမယ့်ဘောလုံးရာသီမှာ ကျွန်တော့်အတွက် ခက်ခဲတဲ့အချိန်တွေကို ဖြတ်သန်းရပါတော့မယ်၊ ခြေချောင်းရိုးကျိုးခဲ့တာကြောင့် ၁၂ ပတ်လောက် အနားယူရမှာဖြစ်ပေမယ့် ဒဏ်ရာပြန်လည်ကောင်းမွန်တဲ့အချိန်မှာ အရင်ကထက်ပိုမိုကောင်းမွန်တဲ့ခြေစွမ်းနဲ့ ပြန်လာမှာပါ"ဟုပြောကြားခဲ့သည်။

ထို့ပြင် မန်စီးတီးအသင်းမှာ အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်သည့် အဂူရိုမှာ ဒဏ်ရာပြဿနာရှိနေခဲ့သည့်အပြင် နီဂရီဒိုပါ ဒဏ်ရာရရှိသွားခဲ့ခြင်းကြောင့် အသင်း၏တိုက်စစ်ပိုင်းတွင် ဘော့စနီးယားတိုက်စစ်မှူး ဇီကိုတစ်ဦးသာကြံ့ခိုင်မှုပြည့်ဝလျက်ရှိကြောင်း သိရသည်။

[ကိုရဲ]



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များ
အတွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၆/၂၀၁၄)
နေပြည်တော်၊ ၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃)ရက်
(၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၂၄ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ်၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (**Bank Statement**)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၄ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၂၇ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက်အာမခံစပေါ်ငွေ (Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ





sky view
condominium
Feel it ! See it ! & Believe it !
ဘာကြောင့်ရွေးချယ်သင့်သလဲ...?
Location Map
Early-Bird Sales LEFT 8-ROOMS ONLY
Since - 1999
Hot Line: 09 - 8623885, 09 - 5502089, 09 - 8641338
SHAN STAR
SHOW ROOM
No.33(A), Corner of Moe Kaung Pagoda Road & Baukhtaw Station Road, Yankin Township, Yangon. Ph : 95 - 1 - 543045, 95 - 1 - 542436.

ယင်းချောင်းတံတားထိပ်ရှိ ဆရာစံနှင့်သခင်ဖိုးလှကြီး ရုပ်တုအား ပြုပြင်မွမ်းမံရန်လိုအပ်

မကွေး၊ ဇူလိုင် ၂၅

မကွေးမြို့၏ ဂုဏ်ကျက်သရေဆောင် အာဇာနည်ပုဂ္ဂိုလ်ကြီးနှစ်ဦးဖြစ်သည့် ဆရာစံနှင့် သခင်ဖိုးလှကြီးရုပ်တုမှာ နှစ်ကာလကြာမြင့်ပြီး ပြုပြင်မှုမရှိသဖြင့် (အပေါ်ယံ ရေဆေးသုတ်ထားသော်လည်း) ပျက်စီးယိုယွင်းနေပြီး အထူးသဖြင့် ဆရာစံရုပ်တု၏ လက်ချောင်းများသည် ကျိုးပဲ့နေရာ အောက်ခံသံချောင်းများပင် ပေါ်နေကြောင်းဒေသခံများကပြောသည်။

နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်သော လူထုလှုပ်ရှားမှုများအနက် တောင်သူလယ်သမားအရေးတော်ပုံနှင့် ၁၃၀၀ပြည့်အရေးတော်ပုံတို့သည် အကြီးမားဆုံးနှင့် အပြင်းထန်ဆုံး လူထုလှုပ်ရှားမှုကြီးများ ဖြစ်ခဲ့သည်။ ယင်းအရေးတော်ပုံကြီးများမှ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံနှင့် အလုပ်သမားခေါင်းဆောင် အာဇာ၀ကသခင်ဖိုးလှကြီးတို့မှာ အထူးထင်ရှားလှသည်။

၁၉၃၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ၁၃၀၀ ပြည့်လူထုအရေးတော်ပုံကြီး၌ မကွေးမြို့သည် သမိုင်းယှက်နွယ်ခဲ့ဖူးသော မြို့တစ်မြို့ဖြစ်ခဲ့သည်။ ဗြိတိသျှအစိုးရ၏အမိန့်ကို ဖီဆန်၍ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းက 'မြင်းခွာတစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်စေရမည်' ဟူသော ရဲရဲတောက်မိန့်ခွန်းကို တရားဟောခဲ့ဖူးပြီး ရန်ကုန်သို့ချီတက်လာသော သပိတ်တပ်ကြီးမှ သခင်ဖိုးလှကြီးနှင့် ခေါင်းဆောင်များ မကွေးမြို့တွင် အဖမ်းခံခဲ့ရသည်။ မကွေးမဲထီးကျောင်းအတွင်း သပိတ်စခန်းချစဉ် အင်္ဂလိပ်တပ်များက မြင်းတပ်၊ လှံတပ်များဖြင့် ၀ိုင်းရံတားဆီးခြင်းကို ခံခဲ့ရသည်။

ယင်းအရေးတော်ပုံကြီးများမှ အထူးထင်ရှားလှသည့် ဆရာစံနှင့် သခင်ဖိုးလှကြီးတို့၏ ယှဉ်တွဲလျက်ရှိသော ဂုဏ်ပြုရုပ်တုနှင့် အထိမ်းအမှတ်ပန်းခြံကို မကွေး-တောင်တွင်းကြီးကားလမ်းဘေး၊ ယင်းချောင်းတံတား

ထိပ်တွင် မြင်တွေ့ရလိမ့်မည် ဖြစ်သည်။

သို့သော် ပန်းခြံထဲတွင်လည်း ပန်းပင်နှင့်တူသောအပင်ဟူ၍ မတွေ့ရဘဲ ကျွဲ၊ နွားများကျောင်းရန် စားကျက်မြေ၊ ခရီးသွားများ အပေါ့အလေးသွားရာမြေအဖြစ် မြင်တွေ့နေရသည်။ ထို့ကြောင့် ပန်းခြံကြီးနှင့် အာဇာနည်ရုပ်တုကြီးများကို သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ဒေသခံများကပြောသည်။

ကျော်စွာ(မကွေး)

ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များရှင်းလင်း

ကျောက်ပန်းတောင်း၊ ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းအခမ်းအနားသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု ဆင့်ကဲဖြစ်စဉ်များနှင့် ကဏ္ဍအသီးသီးတွင် ဗဟိုချုပ်ကိုင်မှုစနစ်များကို အဆင့်ဆင့်လျှော့ချပေးခဲ့မှုအခြေအနေနှင့် နိုင်ငံရေးတည်ငြိမ်မှု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိမည့် အခြေအနေများကိုရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိကာလတွင် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များဖြစ်သည့် တာ၀န်ယူမှု၊ တာ၀န်ခံမှု၊ တာ၀န်သိတတ်မှုတို့ဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူဗဟိုပြုလုပ်ငန်းများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အရှိန်မြှင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းတို့ကိုလည်း ဦးတင်ထူးမောင်က ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်တွင်ကွန်တိန်နာယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား၍ ဒဏ်ရာများရရှိ

ရန်ကုန်၊ ဇူလိုင် ၂၅

ဇူလိုင် ၂၂ ရက် နံနက် ၃ နာရီခွဲတွင် ကမ်းနားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း ကိုဖြိုးမောင်းနှင်လာသည့် ကွန်တိန်နာ ပေ ၄၀ ယာဉ် နှင့် ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း နေလသွင်မောင်းနှင်လာသည့် ကွန်တိန်နာ ပေ ၄၀ ယာဉ်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ဧရာဝတီရပ်ကွက်၊ သခင်မြပန်းခြံရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်ပွားရာ ကိုဖြိုးမောင်းနှင်သည့်ယာဉ်မှာ ရှေ့ဦးခေါင်းပိုင်းတစ်ခုလုံး ပျက်စီးသွားပြီး ကားလမ်းမပေါ်သို့ ဦးခေါင်းပိုင်းဘော်ဒီ ပြုတ်ကျခဲ့သည်။

နေလသွင်မောင်းနှင်လာသည့်ယာဉ်မှာ ယာဉ်၏ဘယ်ဘက်ပိုင်းဘော်ဒီ အနည်းငယ်ပျက်စီးသွားပြီး နောက်ဘီးမှာ ဘော်ဒီနှင့်ကပ်သွားသဖြင့် ယာဉ်နှစ်စီးအား ကရိန်းကားဖြင့် ယာဉ်မှုစစ်ဌာနသို့ ဆွဲယူသွားပြီး ယာဉ်မောင်းကိုဖြိုးနှင့် ယာဉ်နောက်လိုက် ဟိန်းလင်းထက်တို့ ဒဏ်ရာရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

တာချီလိတ်၌ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဒေသခံ တိုင်းရင်းသူများအား ထောက်ပံ့ငွေပေးအပ်

တာချီလိတ်၊ ဇူလိုင် ၂၅

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဖြူဖြူညွန့်နှင့် ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့သည် ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ရှိ မူကြိုကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဒေသခံတိုင်းရင်းသူများအား တွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်ခန့်တွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်ရှိ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲပိုင် ရွှေလီဦးမူကြိုကျောင်းသို့ရောက်ရှိကာ ကျောင်းရှိ ကလေးငယ် ၃၃ ဦးတို့၏ ဉာဏ်ရည်ဉာဏ်သွေးများ စစ်ဆေးပြီးနောက် ကလေးငယ်များအား အာဟာရပြည့် နို့ဗူး၊ ပေါင်မုန့်နှင့် ကလေးကစားစရာအရုပ်များ ပေးအပ်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းသို့ ရောက်ရှိကာ ကိုယ်ဝန်ဆောင်မိခင် ၂၅ ဦးတို့အား အာဟာရဖြည့်ဓာတ်စာများနှင့် ကိုယ်ဝန်ဆောင်မိခင်အားဆေးများ ထောက်ပံ့ပေးအပ်ခြင်း၊ သားဖွားခန်းအား လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရှမ်း၊ အာခါ၊ လားဟူ၊ လီဆူ၊ ရဝမ် အစရှိသော ဒေသခံတိုင်းရင်းသူ ၃၀ ဦးတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ တိုင်းရင်းသူများအား လက်ဆောင်ပစ္စည်းနှင့် အလှူငွေကျပ်နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တာချီလိတ်မြို့၊ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရ (နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ) အား ဝါဆိုသင်္ကန်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနတွင် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခဲ့သော ဝန်ထမ်းများအား လျော်ကြေးငွေများ လာရောက်ပေးသွင်းကြရန်အတွက် ၃-၆-၂၀၁၄ရက်နှင့် ၅-၆-၂၀၁၄ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့သည့် ပုဂ္ဂိုလ်များအနက် စဉ်(၁၉) ဒေါ်သီတာကြည်[သနသ(လ)၄၂၀၈]အား ဘွဲ့လွန်လျော်ကြေးငွေ (၅)သိန်းအစား ဘွဲ့လွန်လျော်ကြေးငွေ (၂၅)သိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

အိတ်ဖွင့်လေလံ တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော ရေယာဉ်ဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

အမည်ပြောင်း ဦးသက်နိုင်ဦး၏သား အထက(၄) အလုံ၊ စတုတ္ထတန်း(D)တွင် ပညာသင်ကြားနေသော မောင်ဟိန်းမင်းထက်အား မောင်ဟိန်းထက်မင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
ဟိန်းထက်မင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် တွဲဖက်ဌာနများအတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ စက်ပစ္စည်းများ ၂။ ရုံးသုံးစက်ပစ္စည်းများ ၃။ ပရိဘောဂပစ္စည်းများ
၄။ ယာဉ်များ ၅။ လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus, Glassware, Chemical) ၆။ Educational Books

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၇-၂၀၁၄ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၈-၂၀၁၄ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောင်သစ်(ပထမထပ်)၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနနှင့် တယ်လီဖုန်းအမှတ်-၀၁-၅၃၅၂၉၄၊ ၀၁-၅၀၄၇၅၅၊ ၀၁-၅၃၉၄၃၇ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန် DIESEL ENGINE (၂၄)လုံး၊ တာယာဆိုဒ်စုံ(၁၀၁၈)လုံးနှင့် ဘက်ထရီမျိုးစုံ(၂၈၀)လုံးအား အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းလိုသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါတင်သွင်းလွှာများကို တစ်စုံလျှင်(၅၀၀၀ိ/-) နှုန်းဖြင့် ၂၈-၇-၂၀၁၄ရက်မှစ၍ ၆၂-လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ၅-၈-၂၀၁၄ရက်၊ မွန်းလွဲ ၂း၀၀နာရီတွင် ၂၆လမ်း၊ (၇၁လမ်း×၇၂လမ်းကြား) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဖွင့်ဖောက်စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။ တင်ဒါအောင်မြင်သူများအနေနှင့် ဝင်ငွေခွန် (၂%)အား ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းနိုင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

ပျောက်ဆုံးကြောင်းကြေညာခြင်း

ဒေါ်ခင်ဇင်မာဦးအမည်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ် ISUZU -ELF(C/N-NKR 81E-7036098) နှင့် ပတ်သက်သော ကညနသို့ တင်ပြမည့်စာရွက်စာတမ်းများ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-ဦးမင်းမင်း
ဖုန်း-၀၉-၄၂၀၀၄၄၀၀၅

သတင်းဆောင်းပါး

မြန်မာနိုင်ငံတွင် ယင်းကြားတိုင်းရင်းသား ၄၀၀၀ ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်

à rÚ(vdif)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ၊ နမ့်စန်မြို့နယ်၌ ကျေးရွာပေါင်းများစွာရှိသည့်အနက် နမ့်လစ်ကျေးရွာအုပ်စုနှင့် အမှတ်(၅)ကျေးရွာအုပ်စုများတွင် ကျီးအစ်ကျေးရွာ၊ လွယ်ဆိုင်းကျေးရွာ၊ လွယ်စန့်ကျေးရွာ၊ လွယ်ဖွီးကျေးရွာ၊ ပုပ်ဖျံကျေးရွာ၊ တွံ့တီးကျေးရွာ၊ လွယ်ပေါင်းကျေးရွာ၊ မောက်ကျန်ကျေးရွာ စသည့်ကျေးရွာများတွင် ယင်းကြားတိုင်းရင်းသားများ အများဆုံးနေထိုင်ကြသည်။ ၎င်းတို့သည် မြန်မာပြည်ရှိ တိုင်းရင်းသားများဖြစ်ပြီး လူဦးရေ ၄၀၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း လွယ်စန့်ကျေးရွာနေ ဦးအိုက်ပြားထံမှ သိရသည်။

ယင်းကြားတိုင်းရင်းသားများသည် တောင်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧရိယာ ကျယ်ဝန်းသည့် နေရာဒေသများတွင် ရွာတည်လေ့ရှိသည်။ မည်သည့်အချိန်ကာလမှစတင်၍ နေထိုင်ကြသည်ကို အထောက်အထားများ မတွေ့ရှိရပေ။ စည်းလုံးညီညွတ်ကာ တစ်စုတစ်ဝေးတည်း နေထိုင်ကြသည်။ ယင်းကြားတိုင်းရင်းသားဘာသာစကားကို ပြောဆိုလေ့ရှိပြီး ရှမ်းတိုင်းရင်းသားများနှင့် ရောပြွမ်းနေထိုင်ကြသောကြောင့် ရှမ်းစကားကို ကျွမ်းကျင်စွာပြောဆိုတတ်သည်။ ယခင်က မိမိတို့ယင်းကြားတိုင်းရင်းသားများအချင်းချင်းသာ သီးသန့်နေထိုင်ကြပြီး နောက်ပိုင်းတွင် ခြံထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကာ မြို့တက်၍ဈေးရောင်းဈေးဝယ်ပြုလုပ်လာရာမှ ယခုအခါတွင် မိမိတို့၏ဘာသာစကားအပြင် ရှမ်း၊ ပအိုဝ်း၊ မြန်မာဘာသာစကား၊ မြန်မာစာများကိုလည်း ပြောဆိုတတ်လာကြသည်။

ယင်းကြားတိုင်းရင်းသားများသည် စပါး၊ နာနတ် ၊ ပြောင်း၊ ပဲစင်းငုံ၊ ဂျင်း စသည့်သီးနှံများကို အဓိကထားစိုက်ပျိုးကြသည်။ ယင်းသီးနှံများကို မိရိုးဖလာစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးကြသည်။ အထူးသဖြင့် နာနတ်၊ ဂျင်းနှင့် ပြောင်းတို့ကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ နာနတ်စိုက်ပျိုးနည်းနှင့် ပတ်သက်၍ လွယ်စန့်ကျေးရွာနေ ယင်းကြားတိုင်းရင်းသား ဦးအိုက်ပြားက ရှင်းလင်းပြောကြားရာတွင် မိုးမကျမီ ကြိုတင်၍ မြေအသင့်ပြင်ထားရကြောင်း၊ မြေအနေအထားပေါ်မူတည်၍ အရှည်လိုက် မြောင်းအနက် နှစ်ပေခွဲမှ သုံးပေအထိ တူးရကြောင်း၊ တန်းခြားကို လေးပေခန့်ခွာ၍ တူးရကြောင်း၊ ပင်ခြားစိုက်မည်ဆိုပါက တစ်ပင်နှင့်တစ်ပင် တစ်ပေခွဲမှ နှစ်ပေအထိ ခြား၍စိုက်ပျိုးရကြောင်း၊ မြေသြဇာအနေဖြင့် နွားချေးကို အသုံးပြုရကြောင်း၊ နွားချေးများလေ နာနတ်သီးချိုလေဖြစ်ကြောင်း၊ အခြားဓာတ်မြေသြဇာသုံးစွဲပါက အသီးထွားသော်လည်း အချိုဓာတ်လျော့နည်းကြောင်း ပြောပြသည်။ ဆက်လက်၍ စိုက်ပျိုးပြီး နှစ်နှစ်သားအရွယ်တွင် အသီးစသီးကြောင်း၊ စိုက်ပျိုးမြေတစ်ဧကလျှင် အပင် ၁၀၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း အသီးသီးလာပါကလည်း အလုံးရေ ၁၀၀၀၀ ကျော်သီးကြောင်း၊ အသီးများရောင်းချရာတွင် ခြံအရောက်လာဝယ်ပါက ယခုနှစ်ပေါက်ဈေးသည် တစ်လုံးလျှင် အနည်းဆုံး ငွေကျပ် ၁၈၀ မှ အများဆုံး ငွေကျပ် ၂၅၀ အထိ ဈေးရကြောင်း၊ ယင်းကြားတိုင်းရင်းသားအချို့သည် မိမိတို့ကိုယ်တိုင် မြို့တက်ရောင်းပါက တစ်လုံး ငွေကျပ် ၃၀၀ အထိရရှိကြောင်း သိရသည်။

ယင်းကြားတိုင်းရင်းသားများ၏ ချစ်စရာဓလေ့တစ်ခုမှာ အရာရာတွင် စည်းစည်းလုံးလုံးညီညွတ်စွာ လုပ်ကိုင်ကြခြင်း၊ ဥပမာအားဖြင့် အိမ်ဆောက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ခြင်း၊ ရပ်ရွာသာရေးနာရေးများတွင် အခကြေးငွေပေးဆောင်၍ လူငှားရခြင်းမျိုးမရှိဘဲ ဝိုင်းဝန်းလုပ်ဆောင်ကြခြင်းများ ဖြစ်သည်။ ထို့ကြောင့် ယင်းကြားတိုင်းရင်းသားများ၏ စကားပုံတစ်ခုတွင် ‘ဝိုင်းစားလျှင်ချို ဝိုင်းထမ်းလျှင်ပေါ့’ ဟူသည့် စကားပုံကိုလည်း ဖော်ပြပေသည်။

ယင်းကြားတိုင်းရင်းသားများ၏စကားပုံမြောက်မြားစွာရှိပါသည်။ ရှေးလူကြီးသူမများ၏ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အတွေ့အကြုံအရ ပြောဆိုဆုံးမကြသည့်စကားများဖြစ်ပြီး ယင်းကြားတိုင်းရင်းသားစာပေ မရှိကြောင်း သိရသည်။

ပြောင်းစိုက်ပျိုးရာတွင် ၈၈၈ မျိုးကို စိုက်ပျိုးကြကြောင်း၊ အထွက်နှုန်းကောင်းပြီး ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ နှုန်းရရှိကြောင်း၊ ဂျင်းတစ်ပိဿာလျှင် ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်အထိရရှိပြီး တစ်ဧကစိုက်ပျိုးလျှင် ဂျင်းနှစ်ထောင့်ငါးရာပိဿာခန့် ထွက်ရှိကြောင်း၊ စီးပွားရေးအဆင်ပြေကြောင်း သိရသည်။ ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့သည် ဂျင်း၊ ပြောင်း၊ နာနတ်သီးများ အများဆုံးထွက်ရှိရာဒေသ ဖြစ်သည်။ ပြောင်းခင်းအတွင်း သီးညှပ်အဖြစ် ပဲစင်းငုံကိုလည်း စိုက်ပျိုးထားကြရာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးခြံများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ယင်းကြားတိုင်းရင်းသားများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာဝင်များကဲ့သို့ သင်္ကြန်ကာလ နှစ်သစ်ကူးပွဲ၊ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ကထိန်ပွဲတော် စသည့်ဘာသာရေးပွဲတော်များကို အစဉ်အလာမပျက် ကျင်းပလေ့ရှိသည်။

နမ့်စန်မြို့နယ်သည် စိုက်ပျိုးမြေဧရိယာ ကျယ်ဝန်းစွာရှိခြင်းကြောင့် ဒေသဝမ်းစာဖူလုံပြီး ပိုလျှံသည့်သီးနှံများကို အခြားမြို့နယ်နှင့် တောင်ကြီး၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချကြသည်။ ဒေသထွက်ကုန်သီးနှံမျိုးစုံဖြစ်ထွန်းအောင်မြင်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်တစားရှိခြင်းကြောင့် နမ့်စန်မြို့သည်လည်း မြို့ကြီးနှင့်မခြား ဖွံ့ဖြိုးတိုးတက် စည်ကားနေသည်။

နမ့်စန်မြို့နယ်ရှိ ယင်းကြားတိုင်းရင်းသားများသည် ရိုးသားကြိုးစား၍ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိနေသည်ကိုမှတ်တမ်းတင် ရေးသားတင်ပြလိုက်ရပေသည်။ ။

လယ်ဝေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

လယ်ဝေး၊ ဇူလိုင် ၂၅

နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေသည် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရှောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဗောဓိကုန်း ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အ. မ. က ကျောင်း ဆောက်လုပ်နေမှု၊ ဟေမာန်ရွာတွင် ၂၀၁၃-၂၀၁၄ ပညာရေးရန်ပုံငွေဖြင့် မူလတန်းလွန်ကျောင်းဆောက်လုပ်နေမှု၊ ရေနီလေး-ဘို့ကိုးလုံးပေါ်ရှိ ချောင်းကူးတံတား ဆောက်လုပ်မည့်နေရာတို့အား ကြည့်ရှုခဲ့ပြီး၊ ဘို့ကိုးလုံးရွာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပညာရေးမြှင့်တင်ပေးနေမှုများကို ရှင်းလင်းခဲ့သည်။ **ကိုကိုရှုပ(နေပြည်တော်)**

ရေဦးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ငွေသိန်းတစ်ရာကျော် ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူ

ရေဦး၊ ဇူလိုင် ၂၅

ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းလှိုင်၏ လမ်းညွှန်ချက်အရ ရွှေဘိုခရိုင် မူခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ဇော်အောင်ထွန်း၊ ရဲတပ်သားသိန်းဇော်ထွန်း၊ ရေဦးမြို့မရဲစခန်းမှ ရဲအုပ်ကျော်ဝင်းနှင့် အဖွဲ့တို့သည် ဇူလိုင် ၂၂ ရက် ည ၉ နာရီခန့်က သက်သေများနှင့်အတူ အမာခံသတင်းအရ ရေဦးမြို့ ဝင်းနားစားသောက်ဆိုင်သို့ဝင်ရောက်ပြီး ဒီပဲယင်းမြို့နယ် ခွန်တောင်းရွာနေ ဝင်းဘို အသက် ၄၄ နှစ်၊ ခင်ဦးမြို့နယ်၊ အိုင်ပေါက်ကြီးကျေးရွာနေ သိန်းဝင်း အသက် ၄၀ နှစ်တို့အား စစ်ဆေးရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေရာ ဝင်းဘို၏ခန္ဓာကိုယ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုးထားသည့် ကမ္ဘာလုံးတံဆိပ်နှင့် ရွက်လှေတံဆိပ်ပါ အပြာရောင်ကပ်ခွာအိတ်နှစ်အိတ် တွေ့ရှိရပြီး ပထမအိတ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃ ပြား၊ ဒုတိယအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ပြား စုစုပေါင်း ၃၃၆ ပြား၊ ကာလတန်ဖိုးငွေ ၁၀၉၈၀၀၀ ကျပ်၊ ဝင်းဘိုလွယ်ထားသော အိတ်အတွင်းမှ ငွေစက္ကူရောရာ ၁၁၀၄၀၂၀၀ ကျပ် လက်ကိုင်ဖုန်းနှစ်လုံးနှင့် ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်ဖြူပြာကြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဆေးပြားများကို ရွှေလီမြို့ ဝိုင်းလုံးအရပ်တွင် အမည်မသိသူတစ်ဦးထံမှ ၎င်းတို့ဝယ်ယူခဲ့ကြောင်း သက်သေများရှေ့တွင် သိန်းဝင်းက ထွက်ဆိုခဲ့၍ ဝင်းဘိုနှင့် သိန်းဝင်းတို့အား ရေဦးရဲစခန်းက မယ(ပ)၁/၂၀၁၄ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)၂၀(က) တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဘုန်းညို**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) အတွက် ပလတ်စတစ်မိုးကာစ(အထူ)အဖြူ (၇ပေ×၁၅၀ပေ) အမျိုးအစား (၆၀၀)လိပ်ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၅-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၈-၂၀၁၄ရက်
၁၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနား၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနား၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံများစတင်ပေးမည့်ရက် - ၂၅-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၈-၂၀၁၄ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးခန်း
အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နေပြည်တော်ပျဉ်းမနား၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
ဖုန်း ၀၆၇-၂၂၃၀၉၊ ၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၅၁၁ **Ext-၁၀၅**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင် (၅၅၀)ဆံ့၊ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကင်းကလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများ အတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၂၁-၇-၂၀၁၄ ရက်၊ နံနက် ၁၀ နာရီ
စတင်ရောင်းချမည့်ရက်နှင့်အချိန်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၈-၂၀၁၄ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါးနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကင်းကလေးဆေးရုံကြီး
အမှတ်-၉၀၊ သစ္စာလမ်းမကြီး၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၈၅၅၀၆၉၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၀×၇၂ လမ်းကြား၊ ဇလပ်ဝါ× ငုရွှေဝါလမ်းရှိ ဒေါ်ခင်တင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်နန်းစိန်ပွင့် [၁၃/ကမန(နိုင်)၀၂၈၈၂၃]မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ





ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းထွန်းနှင့် လိုင်းဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ပြတ်တောက်မှုမရှိစေရေးနှင့် လျှပ်စစ်မီးအား ပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် ကြည့်မြင်တိုင်မြို့နယ် အတွင်း မီးကြိုးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဘောဂရပ်ကွက်တွင် လျှပ်စစ်မီးကြိုးများ လဲလှယ်တပ်ဆင်နေကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ထိန်ဝင်း(ကြည့်မြင်တိုင်)

လူဦးရေနှင့် အိမ်ထောင်စုစာရင်းပြုစု အုပ်ချုပ်ရေးမှူးရုံးများတွင် ထားရှိရန်လို

ခင်ဦး၊ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်ရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများသည်ရွေးကောက်ပွဲတွင်အသုံးပြုနိုင်ရန်အတွက် လူဦးရေနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြည့်စုံမှန်ကန်စွာ ထားရှိနိုင်ရန် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် မဟာဗျူဟာစီမံကိန်းတစ်ရပ် ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အဆိုပါ မဟာဗျူဟာစီမံကိန်းတွင် ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေးကို အဓိကရည်မှန်းချက်အဖြစ် ထားရှိကြောင်း၊ မဲစာရင်းပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးရုံးများ၌ လူဦးရေနှင့်သက်ဆိုင်သည့် စာရင်းဇယားများအား ပြုစုရရှိနိုင်သော်လည်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပြုစုထားရှိသည့် အိမ်ထောင်စုဝင် စာရင်းပုံစံ (၆၆/၆) သည် ရပ်/ကျေးများရှိ နေအိမ်များတွင်သာ ထားရှိနေကြောင်း၊ စာရင်းပုံစံ (၆၆/၆)များကိုလည်း သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများတွင် ထားရှိရန်လိုကြောင်း ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရ သည်။

ရောင်နီတင်ဝင်း

ကျောက်မြောင်းရပ်ကွက်အတွင်း အမှိုက်များစနစ်တကျသိမ်းယူရေး ရပ်ကွက်နေ ပြည်သူများ လိုလားလျက်ရှိ

ရန်ကုန်၊ ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်အတွင်း မြို့နယ်စည်ပင်သာယာမှ အမှိုက်သိမ်းယူခြင်း မရှိသောကြောင့် ရပ်ကွက်နေပြည်သူများ အခက်အခဲဖြစ်ကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေကြရသဖြင့် စနစ်တကျ အမှိုက်သိမ်းယူရေးအတွက် ယင်းမြို့နယ်အတွင်း နေထိုင်သူများက လိုလားလျက်ရှိကြောင်း ပြောသည်။

"အခုသင်္ကြန်ပြီးတဲ့နောက်ပိုင်းတုန်းကတော့ အမှိုက်သိမ်းကားက လာသေးတယ်။ အခုနောက်ပိုင်းမှာ အမှိုက်သိမ်းကားက လုံးဝမလာတော့ဘူး" ဟု အဆိုပါမြို့နယ်တွင်နေထိုင်သူတစ်ဦးက ပြောသည်။

"အမှိုက်သိမ်းတဲ့ကားမလာတော့ ကျွန်မတို့က အခကြေးငွေပေးပြီး အမှိုက်သိမ်းတဲ့ အမှိုက်လှည်းတွေကိုပဲ အားထားနေရတယ်။ ကျွန်မတို့နေတာက ခုနစ်လွှာမှာဆိုတော့ အထပ်မြင့်တွေအထိ အမှိုက်တက်ယူရတယ်ဆိုပြီး အမှိုက်တစ်အိတ်တောင် ၃၀၀ ကျပ်၊ ၄၀၀ ကျပ် ပေးရတယ်" ဟု ၎င်းကဆက်လက်ပြောပြသည်။

ထိုကဲ့သို့ အခကြေးငွေပေး၍ အမှိုက်လှည်းများဖြင့် အမှိုက်စွန့်ပစ်မှုမှာ အဓိကမကျသော်လည်း ထိုအမှိုက်များအား ရပ်ကွက်ထိပ်ရှိ မြေတာမြောင်းကြီးထဲသို့ အဆိုပါအမှိုက်လှည်းများက စွန့်ပစ်ခြင်းများကြောင့် ယင်းရေမြောင်းကြီးမှာ အမှိုက်များဖြင့် ပြည့်နှက်နေကာ ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း ၎င်းက ရှင်းပြသည်။

"အမှိုက်သိမ်းကားလည်းမလာ အမှိုက်စွန့်ပစ်စရာ အမှိုက်ကန်ကလည်းမရှိဆိုတော့ အခက်တွေ့စေပါတယ်။ သူများရပ်ကွက်တွေဆို လမ်းထိပ်တွေမှာ အမှိုက်ပုံးတွေထားပေးထားတယ်။ အချိန်တန်ရင် စည်ပင်ကလာသိမ်းသွားတာတွေ့ရတယ်။ ကျွန်တော်တို့ရပ်ကွက်က အဲ့ဒီလိုစွန့်ပစ်ဖို့ အမှိုက်ပုံးလည်း မထားပေးဘူး။ အမှိုက်လှည်းရှိတယ်ဆိုပေမယ့် သူတို့က အမှိုက်တွေကို ရပ်ကွက်ထိပ်က မြောင်းကြီးထဲ အကုန်သွန်ပစ်တာ။ မြောင်းထဲက အမှိုက်တွေက ငမိုးရိပ်ချောင်းထဲ အကုန်စီးဝင်ကုန်တယ်။ နောက်တော့အမှိုက်တွေကစုလာပြီး မြောင်းပိတ်တာတွေဖြစ်လာတယ်။ မကောင်းဘူးပေါ့ဗျာ။ စည်ပင်ကစနစ်တကျနဲ့ အမှိုက်သိမ်းပေးစေချင်ပါတယ်"ဟု ၎င်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက အကြံပြုပြောသည်။

ကျောက်မြောင်းရပ်ကွက်၊ မြို့ပတ်လမ်းနေသူတစ်ဦးကလည်း "ကျွန်တော်တို့ အောင်မင်္ဂလာလမ်းထိပ်ဘက်မှာ မြောင်းကြီးရဲ့နံရံကို ကွန်ကရစ်နံရံပြုလုပ်ပေးထားတော့ နုန်းလည်းမကျ၊ ရေစီးရေလာလည်း ကောင်းပါတယ်။ ဒါပေမယ့် ဆက်မလုပ်ဘဲ မြောင်းရဲ့ထိပ်ပိုင်းလေးလောက်ဘဲလုပ်ပြီး ရပ်ထားပါတယ်။ ဆက်လုပ်ပေးရင်တော့ ရေစီးရေလာကောင်းသွားမှာပါ။ ရေစီးရေလာကောင်းလာမယ်ဆိုရင်တောင် အမှိုက်လှည်းတွေက အမှိုက်တွေကို ဒီမြောင်းထဲပဲ အကုန်သွန်နေတော့ မြို့ပတ်လမ်းနေသူတွေက အနံ့ဆိုးတွေကို နေ့တိုင်းရှူရှိုက်နေရတယ်ဗျ"ဟု ပြောသည်။

အဆိုပါမြောင်းသည် မီးရထားသံလမ်းနှင့် ရပ်ကွက်ကြားတွင် မြေတာအဖြစ်တူးထားပြီး ရပ်ကွက်အတွင်းမှ ရေများသည် ထိုမြောင်းကြီးမှတစ်ဆင့် ငမိုးရိပ်ချောင်းထဲသို့ စီးဝင်သည်။ အဆိုပါမြောင်းကြီး၏ ဘေးတွင် မလွှတ်ကုန်းဘုတာရှိပြီး အဆိုပါဘုတာ အနီးတွင် အောင်တော်မူဇေတီတစ်ဆူလည်း တည်ရှိသည်။

အဆိုပါ အောင်တော်မူဇေတီမှ ဂေါပကအဖွဲ့ဝင်တစ်ဦးကလည်း "အရင်က အမှိုက်ကားတွေ နေ့တိုင်းလာပါတယ်၊ အခုနောက်ပိုင်း မလာတော့တာကြာပါပြီ။ ဘုရားနဲ့ပတ်သက်ပြီးတော့ပြောရရင် ဒီဘုရားစေတီက ချောင်းနံဘေးမှာရှိတာဆိုတော့ အရင်က မသိသာပေမယ့် ဒီနှစ်မိုးကလည်းကောင်း ချောင်းရေစီးကလည်း သန်တယ်လေ။ ဒါကြောင့် ချောင်းကမ်းပါးတွေပြိုကျပြီး ဘုရားတောင်ဘက် တချို့ရင်ပြင်တွေ အက်လာတယ်။ သက်ဆိုင်ရာဌာနက မြောင်းနံရံတွေကို ခိုင်ခံ့အောင် ပြုလုပ်ပေးစေချင်တယ်ဗျာ။ အဲ့လိုမဟုတ်ရင်တော့ ရပ်ကွက်အတွင်း ဆော်ဩပြီး ဘုရားဝန်ကျင် မြောင်းနံရံတွေကို ဆက်လက်ပြိုမကျအောင် ကွန်ကရစ်နံရံလုပ်ပြီး ကာကွယ်ရမှာပါ" ဟု ပြောသည်။

ခေတ်မီတိုးတက်သော ရန်ကုန်မြို့ကြီးတွင် ကျောက်မြောင်းရပ်ကွက်သည် လူနေအထူထပ်ဆုံး ရပ်ကွက်တစ်ခုဖြစ်သောကြောင့် အဆိုပါရပ်ကွက်မှထွက်ရှိသော အမှိုက်သရိုက်များအား စွန့်ပစ်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် အဆိုပါအခက်အခဲများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ဖြေရှင်းဆောင်ရွက်ပေးရန် လိုလားနေကြကြောင်း သိရ သည်။

သားကြီး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ IP Transit Services 2014-II အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Internet Backbone တွင် အသုံးပြုရန် လိုအပ်သော IP Transit Services ကို အောက်ဖော်ပြပါဆက်ကြောင်းများမှ နိုင်ငံခြားငွေဖြင့် ပေးချေဆောင်ရွက်လိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ဆက်ကြောင်း	ပမာဏ
၁။	မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်ဖိုင်ဘာ (တာချီလိတ်)	1x10 G
၂။	မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော်ဖိုင်ဘာ (မူဆယ်)	1x10 G

၂။ အိတ်ဖွင့်တင်ဒါများ (Technical and Requirement Proposal) ကို ၁၅-၈-၂၀၁၄ရက် ၉း၃၀ မှ ၁၆း၃၀ နာရီအတွင်း ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ပေးသွင်း ပါရန်နှင့် သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ဈေးနှုန်းတင်ပြလွှာများကို ဈေးနှုန်းတင်ပြရန်ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

၄။ တင်ဒါပုံစံများကို (၂၁-၇-၂၀၁၄)ရက်မှစ၍ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ (၈) မိုင်လမ်းဆုံ အနီး၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ အသေးစိတ်အချက်လက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၁၁၈၊ ၀၉ ၄၅၀၀၀၀၁၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၁၁၉)၊ ၆၇×၆၈ ကြား၊ မင်းကြီးရန်နောင် × ကုသိုလ်တော်လမ်းကြားရှိ ဦးသော်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ဝမ်ကျင်စော[၁၃/တကန(နိုင်) ၁၃၇၅၃၀]မှ မြို့ကွက်သစ် ဖော်ထုတ်ရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုစီးပွား

အုန်းတံမြက်စည်း လုပ်ငန်းဖြင့် အပိုဝင်ငွေတိုး

à zl/yGejcnfrau;G

ကြမ်းခင်း၊ ကြမ်းပြင် လှဲကျင်းရသော မြက်တံမြက်စည်းအချောကို ပလတ်စတစ်ဖြင့်ပြုလုပ် အစားထိုးသုံးစွဲလာခြင်းရှိသော်လည်း အုန်းတံမြက်စည်းကို သဘာဝကုန်ကြမ်းဖြစ်သော အုန်းဆံနှင့် သစ်ဝါးများကိုအသုံးပြု၍ ယနေ့ထက်တိုင်ထုတ်လုပ် အဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။ အုန်းတံမြက်စည်းကို ဒေသအသီးသီးတွင် မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး နတ်မောက်မြို့ ဈေးရပ်ကွက်တွင်လည်း မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်အဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။

"အုန်းတံမြက်စည်းတစ်ချောင်း ပြုလုပ်ဖို့အတွက် အသုံးပြုရတဲ့ကုန်ကြမ်းပစ္စည်းငါးမျိုးကတော့ အုန်းရွက်ကနေ သပ်ယူရတဲ့ အုန်းဆံချောင်း ၄၀၀ ခန့်၊ သစ်သားနဲ့ပြုလုပ်ထားတဲ့ လေးထောင့်မကျတကျ အသားဝိုင်းတစ်ခု၊ နောက်ပြီး ဝါးနဲ့လုပ်ထားတဲ့ သပ်ချောင်းနှစ်ချောင်း၊ အုန်းဆံချောင်းတွေကိုသီဖို့ ကြွပ်ကြွပ်ကြိုးတွေ လိုအပ်ပါတယ်။ သစ်သားကို လက်ပံသား၊ လဲမှို့သားတွေသုံးတယ်။ အုန်းဆံသီကြိုးကိုတော့ အရင်က ကြိမ်ကြိုးကို သုံးပေမယ့် အခုတော့ ကုန်ကြမ်းရှားပြီး ဈေးမြင့်တဲ့အတွက် ကြွပ်ကြွပ်ကြိုးတွေကိုတော့ မသုံးချင်လည်း သုံးရတာပေါ့"ဟု အုန်းတံမြက်စည်း လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ရှေးဦးစွာ မြင်ဝါးတစ်ဖက်တွင် လေးထောင့်မကျတကျပုံစံရရန် ဓားထက်ထက်ဖြင့် ချွန်ရသည်။ အသင့်ဖောက်ပြီးဖြစ်သော သုံးလက်မပတ်လည် လက်ပံသား ဂျပ်ပြားဝိုင်းကို ကြပ်နေအောင် ရိုက်သွင်းစွပ်ချရသည်။ ထို့နောက် ဂျပ်ပြားဝိုင်းအောက်မရွေ့စေရန် လွန်ဖြင့်အပေါက်ဖောက်ကာ သက်ချောင်းငယ်များဖြင့် ပင်းသပ်ပေးရသည်။ တံမြက်စည်းရိုးပြုလုပ်မှုအပိုင်းပြီးလျှင် အုန်းဆံချောင်းများကို ကြွပ်ကြွပ်ကြိုးများဖြင့် ရက်လုပ်တဲ့သီပြီး ဂျပ်ပြားဝိုင်းအား ပတ်ခွေ၍ ထိပ်နှစ်ဖက်ဆက်မိအောင် တင်းကြပ်စွာ ပတ်ချည်တုပ်နှောင်ရသည်။ အုန်းဆံခွေ ကျွတ်မထွက်စေရန်အတွက်လည်း အရိုးကိုဖောက်၍ အပေါ်မှ သပ်တစ်ချောင်းထပ်မံ ပင်းသပ်ပေးရသည်။ ပင်းသပ်သော အပေါက်ကို လက်ကိုင်ရိုးအပေါက် ဖောက်စဉ်ကတည်းက အောက်ပေါက်နှင့် တစ်လက်မအကွာ ချိန်သားကိုက် ကြိုတင်ဖောက်ထားခြင်းဖြစ်သည့်အတွက် ရက်လုပ်ထားသော အုန်း ဆံချောင်းများကို ခွေပတ်တုပ်နှောင်ပြီး ငြိမ်သွားစေရန် သပ်ရိုက်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

"တံမြက်စည်းလုပ်ဖို့အတွက် အုန်းဆံကုန်ကြမ်းကတော့ ဒေသတွင်းမှာ ရှာရလွယ်ပေမယ့် မြင်ဝါးကို စေတုတ္တရာနယ်ဘက်ကနေ မှာယူတင်သွင်းရတယ်။ တံမြက်စည်းတစ်ချောင်း ထုတ်လုပ်တဲ့ကုန်ကျစရိတ်က ကျပ်ငွေ ၁၀၀၀ ခန့်ရှိပြီးတော့ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်း အမျိုးအစားပေါ်လိုက်ပြီး သုံးမျိုးသုံးစားထုတ်လုပ်တယ်။ ကျွမ်းကျင်လက်မှုပညာရှင် တစ်ဦးဆိုရင် တစ်နေ့ တံမြက်စည်း ၁၀ ချောင်းလုပ်နိုင်တယ်။ ဈေးကွက်လိုအပ်ချက်ပေါ်မူတည်ပြီး တစ်နေ့ အချောင်းရေ ၈၀ ကနေ ၁၀၀ အတွင်း ပြုလုပ်ရတယ်။ တံမြက်စည်းကြမ်းတစ်ချောင်းကို ပြင်ပပေါက်ဈေးအနေနဲ့ ၁၅၀၀ ကနေ ၁၈၀၀ အထိ အမျိုးအစားအလိုက် ပေးဝယ်ရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရှေးအတိတ် ကာလကတည်းက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် တွင်ကျယ်စွာအသုံးပြုခဲ့ကြသော အုန်းတံမြက်စည်းနှင့် သဘာဝကုန်ကြမ်းပစ္စည်းသုံး ရိုးရာပညာရပ်သည် လက်ဆင့်ကမ်း ပညာတစ်ရပ်အနေဖြင့် ယနေ့တိုင် အဆင်ပြေလျက်ရှိကြောင်း တင်ပြလိုက်ပါသည်။

စိစစ်ရေးကတ်ပြားများ ထုတ်ပေးရေး ဆောင်ရွက်

မောက်မယ်၊ ဇူလိုင် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ နမ့်လွတ်ကျေးရွာအုပ်စု၊ ကဒူးလေးကျေးရွာ၌ ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၆) စီမံချက်အရ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် အိမ်ထောင်စုစာရင်း ၁၀၀ ကျော်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၅ ကတ် ပြုလုပ်ပေးခဲ့သည်။

အဆိုပါ လ. ဝ. က ဝန်ထမ်းများသည် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်စဉ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်တို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးသို့ ဒီဇင်ဘာလအထိ ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

စိုက်ပျိုးအောင်မြင်သည့် မိုးဦးနှမ်းများ ရိတ်သိမ်း

မိတ္ထီလာ၊ ဇူလိုင် ၂၅

မိတ္ထီလာတွင် မိုးဦးအစောပိုင်း စိုက်ပျိုးအောင်မြင်သည့် မိုးဦးနှမ်းများကို လျှော်ဖြူကန်ကျေးရွာမှ နှမ်းစိုက်တောင်သူအချို့ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"မိုးဦးအစောပိုင်းမှာ စိုက်ပျိုးခဲ့တာမို့ မိုးရပြီး မိုးဦးနှမ်းအချို့ အောင်မြင်ခဲ့တာပါ။ အမှန်က ဒီနှစ်က နှမ်းစိုက်ပျိုးအောင်မြင်တဲ့သူ နည်းပါတယ်။ ဒီဘက်ကျေးရွာတချို့မှာ မိုးဦးပိုင်းက ရွာသွန်းတဲ့မိုးရတဲ့ နှမ်းခင်းတချို့တလေပဲ စိုက်ပျိုးအောင်မြင်တာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းကဆို နှမ်းတွေ ဒီထက်မက နှမ်းစိုက်တောင်သူတိုင်း ရရှိကြတယ်"ဟု လျှော်ဖြူကန်ကျေးရွာမှ မိုးဦးနှမ်းစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ဒေသခံတောင်သူများစိုက်ပျိုးသည့် မိုးဦးနှမ်း စိုက်ပျိုးအောင်မြင်မှု နည်းပါးခြင်းကြောင့် ဆီထွက်သီးနှံ နှမ်းဈေးနှုန်းများ ဈေးကောင်းလျက်ရှိပြီး တစ်တင်းလျှင် ၃၃၀၀၀ ကျပ် ဝန်းကျင်အထိ ဈေးကောင်းရလျက်ရှိကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေး ပညာပေးဟောပြော

ကျောက်ပန်းတောင်း၊ ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် ရှစ်တန်း၊ ကိုးတန်းနှင့် ဆယ်တန်းကျောင်းသားများအား ယာဉ်အန္တရာယ် လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းရှိ စကားဝါခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ကျောက်ပန်းတောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညို၊ အ. ထ. က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဝင်းနှင့် အထက်တန်းအဆင့် အတန်းပိုင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၃၅၀ တက်ရောက်ခဲ့ကြသည်။

ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က မော်တော်ဆိုင်ကယ်စီးနင်းရာတွင် ဆောင်ရန်ရှောင်ရန် အချက်အလက်များနှင့် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောဆွေးနွေးပြီး၊ ယာဉ်စည်းကမ်းမလိုက်နာမှု၊ ပေါ့ဆစွာစီးနင်းမှုများကြောင့် ဖြစ်ပေါ်တတ်သည့် ယာဉ်ထိခိုက်မှုများကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

စာကြည့်တိုက်ဆောက်လုပ်ရန် ခွင့်ပြုငွေ ချထား

ဝါးခယ်မ၊ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေ ကျပ်သိန်း၂၀ ဖြင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ခွင့်ပြုငွေများ ချထားပေးလျက်ရှိရာ ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာအား ချထားပေးကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ ဇူလိုင် ၂၂ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဓာတ်ပုံကျွမ်းကျင် ဦးလွှမ်းသီဟတို့ ကွင်းဆင်းလေ့လာကြပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီများ ဖွဲ့စည်းပေးကာ ကြာဖြူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်မှ လှူဒါန်းသည့် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အစဉ်အမြဲ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရာတွင် ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားကာ တက်ရောက်သူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(၁၈၂)**

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်၊ အကွက်(၂၄၁)နေ ပစ်တိုင်းထောင်ကုန်အမှတ်တံဆိပ် မူပိုင်ရှင် ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေး (တင်တင်အေးထိုးမုန့်၊ လမုန့်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏အမှုသည် ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေးသည် ပစ်တိုင်းထောင်ရုပ်ပုံပါရှိသော ပစ်တိုင်းထောင် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်ကုန်အမှတ်တံဆိပ်အမှတ်(၇၈/၁၉၇၃)နှင့် (၈၅/၂၀၀၇)တို့ဖြင့် တင်သွင်းကြေညာခဲ့ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (၁၉၆၄)ခုနှစ်မှစ၍ ယနေ့အချိန်ထိ နိုင်ငံတကာအဆင့်မီ ထိုးမုန့်၊ မာစကပ်၊ ဟလဝါ၊ ဆနွင်းမကင်း၊ မလိုင်ကရေကရာ၊ ဧလေမုန့်စသည့် မုန့်မျိုးစုံတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချ၍ နာမည်ကျော်လူကြိုက်များသော ကုန်အမှတ်တံဆိပ်ဖြစ်ခဲ့ပါသည်။ ထိုသို့ "ပစ်တိုင်းထောင်တံဆိပ်" မှာ ထင်ပေါ်ကျော်ကြားလာသည့်အချိန်တွင် စစ်ကိုင်းမြို့၊ ဈေးကုန်းရပ်နေ ဒေါ်ခင်မာဆွေမှ ဒေါ်တင်တင်အေး မှတ်ပုံတင်ထားသည့် "ပစ်တိုင်းထောင်" ရုပ်ပုံကို အသုံးပြု၍ကုန်ပစ္စည်းခြင်းတူညီသော မုန့်များကို ယှဉ်ပြိုင်ရောင်းချလာခြင်းကြောင့် ဒေါ်တင်တင်အေးမှ တရားလိုပြုလုပ်၍ မန္တလေးခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၂၇၂/၂၀၁၃ဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၅၄အရ ထာဝစဉ် တားဝရမ်း ထုတ်ပေးစေလိုမှု စွဲဆိုခဲ့ရာ မန္တလေးခရိုင်တရားရုံးတော်မှ ၂၈-၅-၂၀၁၄ရက်စွဲဖြင့် တရားပြိုင် ဒေါ်ခင်မာဆွေသည် တရားလို ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေး ထုတ်လုပ်သည့် "ပစ်တိုင်းထောင်တံဆိပ်"ပါ ကုန်အမှတ်တံဆိပ်ကို တုပထုတ်လုပ်ခြင်း မပြုရန်အတွက် ထာဝရတားဝရမ်းကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်ကြောင်း၊ အပြီးသတ်အမိန့်ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေးမှ မှတ်ပုံတင်ကုန်အမှတ်တံဆိပ်များအရ လည်းကောင်း၊ မန္တလေးခရိုင်တရားရုံးမှ ချမှတ်ပေးလိုက်သော အနိုင်ဒီကရီအရလည်းကောင်း "ပစ်တိုင်းထောင်တံဆိပ်"ကို အခြားမည်သူမျှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် သုံးစွဲခွင့်မရှိပါကြောင်း ဒေါ်ခင်မာဆွေနှင့်အများသိစေရန် ကြေညာလိုက်ပါသည်။ အကယ်၍ တရားရုံးတော်မှ ချမှတ်ပေးလိုက်သော ထာဝစဉ်တားဝရမ်းကို ဖောက်ဖျက်၍ "ပစ်တိုင်းထောင်တံဆိပ်"အား ဆက်လက်သုံးစွဲ၍ မုန့်မျိုးစုံကို ရောင်းချမှုပြုပါက ထာဝစဉ်တားဝရမ်း ဖောက်ဖျက်မှုနှင့်တကွ နစ်နာကြေးများကိုပါ တရားရုံးတွင် တည်ဆဲဥပဒေများနှင့်အညီ ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေး မှ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း တစ်ပါတည်းသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်တင်ဧ(ခ)ဒေါ်တင်တင်အေး
[၉/မနတ(နိုင်)၀၃၁၉၈၆]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်မင်း(**LL.B**) (စဉ်-၆၆၁၄)
ဒေါ်နီလာထွန်း(**LL.M**) (စဉ်-၉၁၄၁)

တရားလွှတ်တော်ရှေ့နေများ
တ-၄/၇၅၊ ၄ပြာလမ်း၊ ၆၂×၆၃လမ်းကြား၊ မြို့သစ်(၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၁၅၁၂၈၉၊ ၀၉-၂၀၁၄၅၀၃

ပျောက်ဆုံးကြောင်း

ကျွန်မ မနီလာထွန်း [၁/မကန(နိုင်)၁၂၅၆၀၉]၏ Passport (No.A-227984) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၄၄၀၀၀၆၉၁၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ကျော်[၁/မကန(နိုင်)၀၁၂၉၀၂]၏ Passport(No.မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် ပေးပါရန်။
ဖုန်း-၀၉-၃၆၀၀၀၅၂၅၊ ၀၇၄-၂၃၉၆၄

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်း

ကောလင်း၊ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်တွင် ဇူလိုင် ၂၁ ရက်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒု-ဥက္ကဋ္ဌ ဦးစောငွေ၊ တိုင်းဒေသကြီး အသင်း ဥက္ကဋ္ဌ ဦးကျော်ရင်တို့မှ ဦးဆောင်၍ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကို အလုပ်အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၎င်းနောက် ကောလင်းမြို့မအထက်တန်းကျောင်းရှိ အထက်တန်းကျောင်းသူ၊ ကျောင်းသားများနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများအား ရှင်းလင်းဆွေးနွေးကြသည်။ ကောလင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ မြို့ပေါ်တွင်မက ကျေးရွာများအထိ မူးယစ်ဆေးဝါးသုံးစွဲသူ လျော့နည်းသွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုမောင်(ပြန်/ဆက်)**

ကျေးရွာဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

ကောလင်း၊ ဇူလိုင် ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောလင်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် အဖွဲ့ဝင်များသည် ကောလင်းမြို့နယ် အိုင်ကြီးကျေးရွာ၊ လာတာကျေးရွာနှင့် တိုင်းဝန်းကျေးရွာများသို့ ဇူလိုင် ၂၁ ရက်က ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းအရာများ၊ လောင်းကစားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေများအကြောင်း ဟောပြော၍ ၎င်းကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများ၊ ဆေးရုံနှင့် ကျန်းမာရေးဌာနခွဲတို့အား ကြည့်ရှုခဲ့သည်။ **အောင်ကျော်စိုး(ပြန်/ဆက်)**

မော်ကျွန်း-တပင်ရွှေထီးတံတား အတက်အဆင်းလမ်း ယာဉ်အန္တရာယ်ရှိနေ

မော်လမြိုင်ကျွန်း၊ ဇူလိုင် ၂၅

အသစ်တည်ဆောက်ပြီးစီးသွားသော တပင်ရွှေထီးချောင်းကူးတံတား၏ ဝဲယာနှစ်ဖက် တံတားခြေဆင်းလမ်းများ အနည်းငယ်မတ်စောက်နေသဖြင့် တစ်ဖက်မှလာသော ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ ဆိုက်ကားနှင့် စက်ဘီးစီးနင်းသူတို့မှာ အခြားတစ်ဖက်မှ ယာဉ်ကြောကို မမြင်ရဘဲ တံတားပေါ် ရောက်လုနီးမှသာ တစ်ဖက်မှလာသောယာဉ်ကို မြင်တွေ့ကြရပြီး သတိဖြင့် မောင်းနှင်ရှောင်တိမ်းသွားလာနေကြရကြောင်း သိရသည်။

ထို့အပြင် တပင်ရွှေထီးလမ်းတံတား၏ အတက်အဆင်းလမ်း အနည်းငယ် မတ်စောက်နေသဖြင့် အရှိန်ဖြင့် မောင်းတက်လာသော ယာဉ်ကြီး၊ ယာဉ်ငယ်များ အချိန်မရွေး ယာဉ်အန္တရာယ်ရှိနိုင်ပါသဖြင့် ဝဲယာနှစ်ဖက် ခြေဆင်းလမ်းများအား ပြုပြင်ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက လိုလားနေကြကြောင်းသိရသည်။

မော်လမြိုင်ကျွန်း-ရန်ကုန် အဝေးပြေးမော်တော်ကားလမ်းမတွင် အရေးပါသော ယခင် ဂျုံးဂျုံးဂျချောင်းကူးတံတားအား အသစ်တည်ဆောက်ပြီး တပင်ရွှေထီးချောင်းကူးတံတားဟု မြို့နယ်မှ အမည်ပြောင်းလဲပေးခဲ့သည်။ ယခုအခါ တပင်ရွှေထီးချောင်းကူးတံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

တာမွေမြို့နယ်တွင် ကျောင်းသားလူငယ်များအား မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန်၊ ဇူလိုင် ၂၅

ကျောင်းသားလူငယ်များအား မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ဘေးကင်းစွာ ရှောင်ရှားနိုင်ရေးအတွက် ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် တာမွေမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးအဖွဲ့ တပ်ဖွဲ့စု (၄၁) မှ ရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိသာထင်ရှားအောင် Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှလှမြင့်က 'လူတော်လူကောင်း' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးခင်မောင်မြက 'မှုခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုပပျောက်ရေး' ခေါင်းစဉ်ဖြင့် ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ကျောင်းသားအင်အား ၃၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။ မြို့နယ်အတွင်းရှိအခြေခံကျောင်းများတွင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲများလစဉ် ဆောင်ရွက်မည်ဖြစ်သည်။ **လှလှ**

လူသတ်မှုကျူးလွန်ပြီး ရှောင်တိမ်းနေသူ ရွှေဘိုဘူတာတွင် ဖမ်းဆီးရမိ

ရွှေဘို၊ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းရဲစခန်းမှ (ပ)၁၁၂/ ၂၀၁၄ ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၂ အရ အလိုရှိသည့် အဓိကတရားခံ ဖိုးထိုက်(ခ)သန်းထိုက်စိုးအား ရွှေဘိုခရိုင်၊ မှုခင်းနှိမ်နင်းရေးဌာန အဖွဲ့ခေါင်းဆောင် ရဲအုပ်ဇော်အောင်ထွန်း၊ ဒုရဲအုပ်အောင်လင်း၊ ရဲတပ်သားသိန်းဇော်ထွန်း၊ ရွှေဘိုမြို့မနယ်ထိန်းရဲတပ်သား မျိုးထွန်း၊ ကန့်ဘလူမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်နိုင်ဦး၊ ဒုရဲအုပ်ဇော်ဇော်အောင်၊ ဒုရဲအုပ်သီဟ၊ ရဲတပ်သားသာချစ်ဇော်တို့က လူသတ်မှုကျူးလွန်ပြီး နှစ်ပတ်ကျော်အကြာ ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီတွင် ရွှေဘိုဘူတာ အမေ့အိမ်တည်းခိုခန်းသို့ ၎င်းမှဝင်ရောက်လာစဉ် အသွင်ယူစောင့်ဆိုင်း ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက်က ဇီးကုန်းမြို့နယ် ဝက်တိုးတောင်ရွာအနီး ဆိုင်ကယ်ကယ်ရီပြေးဆွဲသူ ဇော်နိုင်ထွန်း ၂၅ နှစ်အား ကန့်ဘလူမြို့နယ် ကာသိုးရာ အင်ပင်ကုန်းရပ်နေ ဖိုးထိုက်(ခ)သန်းထိုက်စိုးနှင့် ဖိုးချွန် ၂၃ နှစ်တို့က တုတ်နှင့်အသေရိုက်သတ်ပြီး ဆိုင်ကယ်ယူသွားသည့်အမှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့က အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့ရှာဖွေခဲ့ရာ ဇူလိုင် ၇ ရက်တွင် ဖိုးချွန်အား ကန့်ဘလူမြို့နယ် ဇီးကုန်းမောင်းတံဂိတ်၌ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းလှိုင်မှ ပိတ်ဆို့ဖမ်းဆီးရမိခဲ့သည်။

အဓိကပါဝင်ပတ်သက်သူ ဖိုးထိုက်(ခ)သန်းထိုက်စိုးမှာ ရှောင်တိမ်းလွတ်မြောက်နေရာမှ ယခုဖမ်းဆီးရမိခြင်း ဖြစ်သည်။ ဖိုးထိုက်(ခ)သန်းထိုက်စိုးနှင့် ဖိုးချွန်တို့အား တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေးအတွက် ဇီးကုန်းရဲစခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဘုန်းညို**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဝင်း[၁/မကန(နိုင်)၀၉၀၀၂၉]၏ Pass Port(No.မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉၄၃၀၀၈၂၀၅၊ ၀၉၄၉၅၈၈၅၉၈

မိဘအမည်မှန်

မိုးကောင်းမြို့၊ အထက(ခွဲ)-နန်းခွင်၊ အဌမတန်း(A)မှ မောင်သန်းတိုးအောင်၏ မိဘအမည်မှန်မှာ ဦးမြင့်နိုင်ထွန်း-ဒေါ်ပြုံးရီဖြစ်ပါသည်။

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(ခွဲ)-နန်းခွင်၊ အဌမတန်း(ခ)မှ မောင်အောင်ထွန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြသောင်း[၅/မလန(နိုင်)၀၃၂၁၀၈] ဖြစ်ပါသည်။



ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ကြောင်းကြေညာခြင်း

ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီ၏ ယခင်ရုံးခန်းလိပ်စာ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၇၇-၁၈၈၊ အခန်းအမှတ် ၁၀၂ မှ ယခု မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်အမှတ် အေ-၃၊ အခန်းအမှတ် ၀၀၁ သို့ လည်းကောင်း၊ ရုံးခွဲကို ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၈၅၊ မြေညီထပ်သို့လည်းကောင်း ၁-၈-၂၀၁၄ရက်မှစ၍ ပြောင်းရွှေ့ ဖွင့်လှစ်ထားကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာ အပ်ပါသည်။

ပဲခူးမြို့တွင်း အနိမ့်ပိုင်းရပ်ကွက်များတွင် မြစ်ရေကြီး၍ လှေဖြင့်သွားလာနေကြရ

ပဲခူး၊ ဇူလိုင် ၂၅

ဇူလိုင်လ၏ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပဲခူးမြို့တွင်း အနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် ကျောက်ကြီးစု ရပ်ကွက်၊ မဇင်းရပ်ကွက်နှင့် ကျွန်သာ ယာရပ်ကွက်တို့တွင် မြစ်ရေများ ရေလျှံ၍ဝင်ရောက်လာသဖြင့် ရပ်ကွက်တွင်းလှေကူးတို့များဖြင့် သွားလာနေကြရသည်။

"ဒီနှစ်တော့ တိုင်းဒေသကြီး အစိုးရအဖွဲ့က အထက်ဘက်က ချောင်းတွေ၊ မြောင်းတွေကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားလို့ ယခုထိတော့ အကြီးအကျယ် ရေကြီး ရေလျှံတာတွေ မဖြစ်သေးဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းအနိမ့်ပိုင်း ရပ်ကွက်များတွင် အဆိုးဆုံးရေတက်လာပါက ကျွန်းသာယာ နီလာလမ်းတွင် ရေအနက်လေးပေခွဲခန့်ရှိကြောင်း သိရသည်။

ယခင်နှစ်များတွင် ဝါဆိုလပြည့်သည်နှင့်ရေကြီးရေလျှံကာ ကယ်ဆယ်ရေးစခန်းများဖွင့်၍ ဆောင်ရွက်ခဲ့ကြရကြောင်း သိရသည်။

မျိုးသိန်း

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးကာ လှေများဖြင့်သွားလာနေကြစဉ်။

အမှတ်(၃၇) မူလတန်းကျောင်းအနီးရှိ လမ်းများပျက်စီးမှုယနေ့ထိပြင်ဆင်မှုမရှိ

ရန်ကုန်၊ ဇူလိုင် ၂၅

